၂၁ စက်တင်ဘာလ ၂၀၂၁ ခုနှစ်

အင်္ဂလိပ်ဘာသာ စကားဖြင့်သာ

**ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ**

**၄၈ ကြိမ်မြောက် အစည်းအဝေး**

၁၃ စက်တင်ဘာလ - ၁ အောက်တိုဘာလ၊ ၂၀၂၁ ခုနှစ်

အစီအစဉ် အမှတ် - ၄

**ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ၏ အထူးဂရုပြုမှု လိုအပ်နေသော လူ့အခွင့်အရေး အခြေအနေများ**

# ၂၀၂၁ ခုနှစ်၊ ဖေဖဝါရီလ ၁ ရက်နေ့မှ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး ဆိုင်ရာ အခြေအနေများနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာ အတွက် ပံ့ပိုး အချက်အလက်များ*

**ပံ့ပိုး အချက်အလက်ပေးသော စာတမ်း**

* A/HRC/48/67.

# ၁။ အဖွင့်မိတ်ဆက်

၁။ ဤပံ့ပိုးစာတမ်းသည် ၄၆ ကြိမ်မြောက် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ အစည်းအဝေး ဆုံးဖြတ်ချက် (46/21) အရ ၄၈ ကြိမ်မြောက် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ အစည်းအဝေးတွင် တင်သွင်းရသည့် အစီရင်ခံစာ (A/HRC/48/67) အတွက် အထောက်အပံ့ ဖြစ်စေရန် အလို့ငှာ ပြင်ဆင်ရေးသားထားသော စာတမ်း ဖြစ်ပါသည်။ ထိုအစီရင်ခံစာသည် အကြောင်းအရာ ခေါင်းစဉ်များ အလိုက် ရှင်းလင်းဖော်ပြချက်နှင့် သုံးသပ်ချက်များ အပါအဝင် ဖေဖဝါရီလ ၁ ရက်၊ စစ်တပ် အာဏာသိမ်းပြီးချိန်မှ မြန်မာနိုင်ငံ အတွင်း ဖြစ်ပျက်မှုများနှင့် ဆက်စပ်သော လူ့အခွင့်အရေး ချိုးဖောက်မှုများအား ဖော်ပြထားပါသည်။

၂။ ဤစာတမ်းသည် ထိုအစီရင်ခံစာတွင် ပါဝင်သော အဝေကြောင်းအရာများအား အောက်ဖော်ပြပါ အချက်များဖြင့် အသေးစိတ် ရှင်းလင်း ဖော်ပြထားပါသည်။

(က) အာဏာသိမ်းမှုကြောင့် မြန်မာပြည်သူများ တွေ့ကြုံခံစားနေရမှုများအား ဖော်ပြရန် အစီရင်ခံစာအတွက် အင်တာဗျူး ဖြေကြားခဲ့သော မြန်မာနိုင်ငံအဝှမ်းရှိ ပြည်သူများ၏ စကားစုများအား ရွေးချယ်ဖော်ပြထားခြင်း။

(ခ) ၂၀၂၁ ခုနှစ်၊ ဖေဖဝါရီလ ၁ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဇွန်လကုန် အထိ အဓိက ဖြစ်ရပ်များအား အချိန်ကာလအားဖြင့် အစီအစဉ်အလိုက် ဖော်ပြခြင်း။

(ဂ) လမ်းပေါ်ထွက် ဆန္ဒပြခြင်းနှင့် လူမှုကွန်ရက်မှ ဆန္ဒဖော်ထုတ်ခြင်း စသည့် အာဏာသိမ်းမှု ဆန့်ကျင်ရေး ငြိမ်းချမ်းစွာ ဆန္ဒပြသည့် ပုံစံ အဆင့်ဆင့် ပြောင်းလဲလာမှုနှင့် မြန်မာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တန်ပြန်ဖြိုခွင်းမှုများအား အသေးစိတ်အား ဖော်ပြခြင်း။ သေစေလောက်သော အင်အားသုံး ဖြိုခွင်းမှု တိုးလာသည့် အခြေအနေအား ပြသရန် ဆန္ဒပြဖြိုခွင်းသည့် အဖြစ်အပျက် ၄ ခုအား မြေပုံများဖြင့် အသေးစိတ် ရှင်းလင်း ဖော်ပြထားပါသည်။ ထိုအဖြစ်အပျက်များမှာ (၁) ရန်ကုန်မြို့ မြောက်ပိုင်း၊ မြောက်ဥက္ကလာပ မြို့နယ်အတွင်း မတ်လ ၃ ရက်နေ့ ဖြိုခွင်းမှု၊ (၂) ရန်ကုန်မြို့ အနောက်ပိုင်း၊ လှိုင်သာယာမြို့နယ် အတွင်း မတ်လ ၁၄ ရက်နေ့ ဖြိုခွင်းမှု၊ (၃) နိုင်ငံအဝှမ်း မတ်လ ၂၇ ရက်နေ့၊ တပ်မတော်နေ့ ဖြိုခွင်းမှုနှင့် (၄) ပဲခူးမြို့အတွင်း ဧပြီလ ၉ ရက်နေ့ ဖြိုခွင်းမှုတို့ ဖြစ်ကြပါသည်။

(ဃ) မြန်မာနိုင်ငံတွင် အာဏာသိမ်းပြီးနောက် နိုင်ငံ၏ အရှေ့တောင်ပိုင်း ဒေသ၌ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်နှင့် တပ်မတော် အကြား တိုက်ပွဲများ သိသိသာသာ ပြန်လည် ဖြစ်ပွားလာရာ အရပ်သား တည်ရှိရာ နေရာများအား တပ်မတော်မှ လေကြောင်းတိုက်ခိုက်မှု ရှိခဲ့သည့် မှတ်တမ်းနှင့် ထိုသို့ လေကြောင်းတိုက်ခိုက်မှုကြောင့် စာသင်ကျောင်း တစ်ကျောင်း ထိခိုက်ပျက်စီးမှုအား ဂြိုလ်တုဓာတ်ပုံဖြင့် အသေးစိတ် ဖော်ပြခြင်း။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ဥပဒေတို့အား ချိုးဖောက်မှု အပေါ် ဆန်းစစ်လေ့လာရာ၌ ပံ့ပိုးပေးနိုင်ရန် အလို့ငှာ လက်နက်ကိုင် ပဋိပက္ခနှင့် လက်နက်ကိုင် ခုခံတော်လှန်သည့် တည်နေရာပြ မြန်မာနိုင်ငံ မြေပုံအား ဖော်ပြထားပြီး ၎င်းသည် မြန်မာနိုင်ငံအဝှမ်း ပြည်သူ့ဘဝ မလုံခြုံမှုနှင့် လက်နက်ကိုင် အကြမ်းဖက်မှုများ များပြားလာခြင်းကို ပြသနေပါသည်။

၃။ ဤစာတမ်းတွင် မြန်မာနိုင်ငံ၏ မတူကွဲပြားသော ဒေသများ၌ လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ အင်အားသုံး ဖြိုခွင်းသည့် ပုံစံများနှင့် ထိုသို့ ဖြိုခွင်းရာတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ဥပဒေတို့အား ချိုးဖောက်မှုများကြောင့် အရပ်သား လူထု အပေါ် သက်ရောက်မှုများအား ဆန်းစစ်လေ့လာခြင်း အားဖြင့် အစီရင်ခံစာပါ အကြောင်းအရာများအား ပိုမိုနားလည်စေရန် ပံ့ပိုးပေးပါသည်။ ယခုကဲ့သို့

အသေးစိတ် အချက်အလက်များအား တင်ပြခြင်းဖြင့် ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံများသည် မြန်မာ့လူ့အခွင့်အရေး အကြပ်အတည်းအား အရေးယူ ဆောင်ရွက်နိုင်ရေး ဆန်းစစ်လေ့လာနိုင်ရန်နှင့် မြန်မာပြည်သူလူထုအား အားပေး ထောက်ခံနိုင်စေရန် ဤစာတမ်းက အရင်းအမြစ် တစ်ခုအဖြစ် အကျိုးပြုနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

## ၂။ မြန်မာနိုင်ငံမှ ပြောဆိုသံများ

"အလောင်း သွားကောက်တော့ ၁၉ လောင်း လောက်တွေ့ခဲ့တယ်။ စစ်တပ် အနားမှာ အလောင်းတွေ ရှိဦးမယ်၊ ဒါပေမယ့် ကျွန်တော်တို့ မသွားရဲဘူး။ ကျွန်တော် ၈ လောင်း ကောက်ခဲ့တယ်။ ၆ လောင်းမှာ ခေါင်းကျည်သင့်ရာတွေနဲ့။"

*စစ်ကိုင်းမှ ရွာသားတစ်ဦး*


"အဖမ်းခံရမှာ စိုးရိမ်ပြီး ညဆို လူတွေ အိပ်မရဲကြဘူး။ အခုဆိုရင် စစ်တပ်က လူတွေကို ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်တာတွေ လုပ်နေပြီ။ နိုင်ငံတကာ အသိုင်းအဝန်းက ဒါတွေကို သိမြင်ပြီး ပြည်သူတွေကို ကူညီပါဖို့ မျှော်လင့်ပါတယ်။"

*ကချင်ပြည်နယ်မှ ဘာသာရေး ခေါင်းဆောင်တစ်ဦး*

"တချို့ စစ်သားတွေက စနိုက်ပါနဲ့ ပစ်ကြလို့ လူတွေ ကျည်သင့်ခဲ့တယ်။ ပထမဆုံး ကျွန်တော့် အရှေ့က လူက ကျည်သင့်သွားတယ်။ သူ ကျွန်တော့် အပေါ် လဲကျလာပြီး ကျွန်တော့် အင်္ကျီမှာ သွေးတွေ ရွှဲကုန်တယ်။"

*ရှမ်းပြည်နယ်မှ ဆန္ဒပြသူ တစ်ဦး*

"လမ်းကြားထဲကို တခြား ၇ ယောက်နဲ့ ကျွန်တော်တို့ ဝင်ပြေးကြတယ်။ လမ်းမပေါ်မှာ ဆန္ဒပြသူ ၂ ယောက် ပစ်သတ်ခံရတာ ကျွန်တော် တွေ့မိတယ်။ တစ်ယောက်က ကျည်ဆံ ခေါင်းမှန်ပြီး သေတာ။ ကျွန်တော့် ဘေးက တစ်ယောက်ကတော့ ကျည် ကျောမှန်ပြီး သေတယ်။ ကျွန်တော်တို့မှာ ဘာလက်နက်မှ မရှိဘူး။ ကြုံရတဲ့ အဖြစ်အပျက်က မျက်လုံးထဲက မထွက်ဘူး၊ ဖြစ်ခဲ့တာတွေကို ပြောလို့လည်း မထွက်ဘူး။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ကျွန်တော် ဒါတွေကို အမြဲ ပြောပြနေမယ်။ နိုင်ငံတကာက ဒါတွေ သိကိုသိရမယ်။"




"စစ်တပ်က စားနပ်ရိက္ခာ သယ်ပို့တာတွေ ခွင့်မပြုဘူး။ သူတို့က စားနပ်ရိက္ခာ သယ်လာတာ တွေ့ရင် မီးရှို့တတ်တယ်။ လူနာတင်ယာဉ်ကိုတောင် သူတို့ ပြဿနာ ရှာတယ်။ လူတွေက တောထဲကနေ ပုန်းခိုရင်း ရွာထဲ ဝင်လာပြီး အစားအစာ ယူပြီး တောထဲ ပြန်သွားရတယ်။ စစ်သားတွေ ရွာထဲမှာ ပုန်းနေပြီး ရွာသားတွေကို တွေ့ရင် သေနတ်နဲ့ ပစ်တယ်။"

*ကယားပြည်နယ်မှ ရွာသားတစ်ဦး*

"မြန်မာပြည်သူတွေကို လစ်လျူမရှုပါနဲ့။ သူတို့ အားပေးပံ့ပိုးမှုတွေ လိုနေပါတယ်။ အထိရောက်ဆုံးနည်းနဲ့ တတ်နိုင်တဲ့ဘက်က သူတို့ကို ကျေးဇူးပြုပြီး ကူညီပေးကြပါ။"

*CDM ဆရာမတစ်ဦး*

"ကရင်လူမျိုးအနေနဲ့ ကျွန်မတို့ကို လူသား အဖြစ် အသိအမှတ်ပြု ခံချင်ပါတယ်။"

*ကရင်ပြည်နယ်မှ IDP တစ်ဦး*

"သူတို့ အိမ်ထဲ ဝင်လာပြီး သူ့ကို ရှာကြတယ်။ ဘေးအိမ်တွေကိုလည်း ရှာကြတယ်။ 'ငါတို့ မင်းကို ရှာမတွေ့ရင် မင်းမိန်းမနဲ့ မိသားစုကို ဓားစာခံ ဖမ်းသွားမယ်'လို့လည်း သူတို့ အော်နေတယ်။"

*အဖမ်းခံရသူ တစ်ဦး၏ ဆွေမျိုး*

"အခုလက်ရှိ အချိန်မှာ အရမ်း ခက်ခဲနေလို့ ကုလသမဂ္ဂရဲ့ ပံ့ပိုးမှုကို ရချင်ပါတယ်။"

*အသတ်ခံရသော ကလေးတစ်ဦး၏ မိသားစုဝင်*

"ကျောင်းသားတွေက စစ်တပ်ကို ဆန္ဒပြဆန့်ကျင်ကြတာကြောင့် တပ်ကလည်း သူတို့ကို ရိုက်နှက်ပြီး ထရပ်ကားပေါ် တင်သွားကြတယ်။ သူတို့ကို အကျဉ်းထောင်ထဲ ဖမ်းခေါ်သွားတယ်လို့ ကျွန်တော် ထင်တယ်။ ဒါပေမယ့် သူတို့ မိသားစုဝင်တွေက ဒါတွေ မသိကြသေးဘူး။ ကျွန်တော် သူတို့ အတွက် စိုးရိမ်မိတယ်။"

*မွန်ပြည်နယ်မှ ဆန္ဒပြ ခေါင်းဆောင် တစ်ဦး*

---

*မသက်ဆိုင်ကြောင်း ကြေညာချက် - မြေပုံတွင် သုံးစွဲဖော်ပြထားသည့် နယ်နိမိတ်၊ အမည်နာမများနှင့် တည်နေရာများအား ကုလသမဂ္ဂမှ တရားဝင် အတည်ပြုခြင်း သို့မဟုတ် လက်ခံခြင်း မဟုတ်ပေ။*

## ၃။ အဓိက အဖြစ်အပျက်များအား အချိန်ကာလအလိုက် ဖော်ပြခြင်း

**ဖေဖဝါရီလ**

**၁ ဖေဖဝါရီ** - မြန်မာ့ ("တပ်မတော်") ကာကွယ်ရေး ဦးစီးချုပ်သည် အရပ်သား အစိုးရအား ဖယ်ရှားကာ နိုင်ငံ့ ခေါင်းဆောင်များ၊ ရာပေါင်းများစွာသော လွှတ်တော် ကိုယ်စားလှယ်များအား ဖမ်းဆီး ထိန်းသိမ်းကာ နိုင်ငံတော် အုပ်ချုပ်ရေး အာဏာ၊ ဥပဒေပြု အာဏာနှင့် တရား စီရင်မှု အာဏာ စသည့် အာဏာ အားလုံးကို မိမိကိုယ်ကို အပ်နှင်းသည်။

**၂ ဖေဖဝါရီ** - တပ်မတော်သည် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ (SAC) ကို ဖွဲ့စည်းခဲ့ကာ ဝန်ကြီးနေရာများအား ခန့်အပ်သည်။

အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှု (CDM) စတင်သည်။

**၃ ဖေဖဝါရီ** - ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနက Facebook အသုံးပြုခွင့် ၃ ရက် ပိတ်ရန် ညွှန်ကြားသည်။ ထိုသို့ အသုံးပြုခွင့် ပိတ်သည့် ကာလကို ဇူလိုင်လ ၁၅ ရက်နေ့ အထိ တိုးမြှင့်ခဲ့သည်။

**၅ ဖေဖဝါရီ** - အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ပါတီမှ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စု လွှတ်တော် ကိုယ်စားပြု ကော်မတီ (CRPH) အား ဖွဲ့စည်းသည်။

(SAC) သည် (NLD) ခန့်အပ်ထားသော တရားလွှတ်တော် တရားသူကြီးချုပ် ၄ ဦးအား တာဝန်မှ ရပ်စဲကာ တရားသူကြီးချုပ် ၂ ဦးခန့်အပ်သည်။

**၆ ဖေဖဝါရီ** - တနိုင်ငံလုံး ၄၈ နာရီကြာ အင်တာနက် ပြတ်တောက်သည်။

နိုင်ငံအဝှမ်း ငြိမ်းချမ်းစွာ ဆန္ဒပြမှုများ စတင်သည်။

**၈ ဖေဖဝါရီ** - စစ်တပ်ပိုင် မြန်မာ့ အသံနှင့် ရုပ်မြင်သံကြားမှ "နိုင်ငံတော် တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းသာယာရေး၊ ပြည်သူများ၏ ဘေးကင်းလုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးအား နှောင့်ယှက်ဖျက်ဆီးလျှင် ဥပဒေအရ အရေးယူမည် ဖြစ်ကြောင်း" ကြေညာခဲ့ကာ အာဏာသိမ်းမှု ဆန့်ကျင်ဆန္ဒပြသူများအား သတိပေးခဲ့သည်။

စစ်တပ်က "ပုဒ်မ ၁၄၄" အား ထုတ်ပြန်ခဲ့ကာ "တရားမဝင် စုဝေးခြင်း၊ မိန့်ခွန်းပြောခြင်း၊ ယာဉ် သို့မဟုတ် လူအားဖြင့် ဆန္ဒပြ လှည့်လည်ခြင်း၊ ဆန္ဒပြခြင်း၊ ဖျက်ဆီးခြင်းနှင့် အကြမ်းဖက် လုပ်ရပ်များ"အား တားဆီးပိတ်ပင်ကြောင်း ကြေညာပြီး လူ ၅ ဦးထက် ပို၍ စုဝေးခြင်း မပြုရန်နှင့် ည ၈ နာရီမှ နံနက် ၄ နာရီ အထိ ညမထွက်ရ အမိန့်ကို နေပြည်တော် ကောင်စီနယ်၊ ဧရာဝတီ၊ မကွေး၊ မန္တလေး၊ စကိုင်း၊ တနင်္သာရီနှင့် ရန်ကုန် တိုင်းဒေသကြီးများ အပြင် ကချင်၊ ကယား၊ ကရင်၊ မွန်နှင့် ရှမ်း ပြည်နယ်များတွင် ထုတ်ပြန်သည်။

**၉ ဖေဖဝါရီ** - နေပြည်တော်၌ ကျည်အစစ်ဖြင့် ပစ်ခတ်နှိမ်နင်းသည်။ ပစ်ခတ်မှုကြောင့် အမျိုးသမီး လူငယ် ဆန္ဒပြသူ တစ်ဦး သေဆုံးသည်။

**၁၂ ဖေဖဝါရီ** - လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် အကျဉ်းသား ၂၃,၃၆၉ ဦး လွတ်မြောက်လာသည်။

၂၉ ကြိမ်မြောက် လူ့အခွင့်အရေး ကောင်စီ အထူး အစည်းအဝေးအား ကျင်းပကာ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အကြပ်အတည်းအား ဆွေးနွေးပြီး အစည်းအဝေး ဆုံးဖြတ်ချက် (S-29/1) ကို ချမှတ်သည်။

**၁၃ ဖေဖဝါရီ** - နိုင်ငံသားများ၏ Privacy နှင့် လုံခြုံရေးအား ကာကွယ်ပေးထားသော ဥပဒေ (LPPSC) အား ပယ်ဖျက်သည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ (WVTAL) များအား ပြင်ဆင်သည်။

**၁၄ ဖေဖဝါရီ** - ရာဇသတ်ကြီး ဥပဒေ (PC) နှင့် ရာဇဝတ် ကျင့်ထုံး ဥပဒေ (CPC) တို့အား ပြင်ဆင်သည်။

**၁၅ ဖေဖဝါရီ** - ညသန်းခေါင်ယံ အချိန် ၁ နာရီမှ နံနက် ၉ နာရီ အထိ နိုင်ငံအဝှမ်း အင်တာနက် ဖြတ်တောက်မှုအား စတင်သည်။

အီလက်ထရောနစ် ဥပဒေ (ETL) အား ပြင်ဆင်သည်။

**၂၀ ဖေဖဝါရီ** - တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူ စာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်များက (CDM) လှုပ်ရှားမှုအား ပံ့ပိုးသွားမည် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။

**၂၁ ဖေဖဝါရီ** - အထွေထွေ သပိတ် စတင်သည်။

**မတ်လ**

**၃ မတ်** - မြောက်ဥက္ကလာပ ဖြိုခွင်းမှု။

**၈ မတ်** - (SAC) သည် (DVB), ခေတ်သစ် မီဒီယာ၊ မဇ္ဈိမ မီဒီယာ၊ မြန်မာနောင်းနှင့် (7Day) မီဒီယာများအား လိုင်စင်ရုတ်သိမ်းခဲ့သည်။

**၁၁ မတ်** - ကချင်ပြည်နယ် အတွင်း တိုက်ပွဲများ ပြန်လည် စတင်လာသည်။

**၁၄ မတ်** - လှိုင်သာယာ ဖြိုခွင်းမှု

စစ်တပ်၏ အကြမ်းဖက်မှုမှ ကာကွယ်ရန် တစ်ဦးချင်း ဖြစ်စေ၊ အုပ်စုလိုက် ဖြစ်စေ ခုခံကာကွယ်ခြင်းသည် ရာဇဝတ်မှု မမြောက်ကြောင်း (CRPH) ကြေညာသည်။

**၁၅ မတ်** - စစ်အုပ်ချုပ်ရေး ဥပဒေအား ရန်ကုန်တိုင်းရှိ မြို့နယ် ၆ ခုတွင် ကြေညာသည်။

နိုင်ငံအဝှမ်း မိုဘိုင်း အင်တာနက် ပြတ်တောက်သည်။

**၁၇ မတ်** - (CRPH) က (SAC) သည် အကြမ်းဖက် အဖွဲ့အစည်း ဖြစ်ကြောင်း ကြေညာကပြီး တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း အားလုံးအား "မတရားအသင်း"မှ ပယ်ဖျက်ကြောင်း ကြေညာသည်။

**၁၈ မတ်** - အများသုံး (Wifi) အင်တာနက်လိုင်းအား ဖြတ်တောက်လိုက်သည်။

**၂၂ မတ်** - (SAC) သည် (CRPH) အား မတရားအသင်း ဥပဒေ အရ မတရားအသင်းကြေညာသည်။

**၂၄ မတ်** - (SAC) သည် အာဏာသိမ်းပြီးနောက် ဖမ်းဆီးထိန်းသိမ်းထားသူ ၆၂၈ ဦးအား ပြန်လွှတ်ပေးခဲ့သည်။

**၂၇ မတ်** - တပ်မတော်နေ့ ဖြိုခွင်းမှု။ ကရင်ပြည်နယ် အတွင်း လေကြောင်းတိုက်ခိုက်မှုများ စတင်သည်။

**၃၁ မတ်** - (CRPH) သည် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအား ဖျက်သိမ်းကြောင်း ကြေညာပြီး ဖက်ဒရယ် ဒီမိုကရက်တစ် ပဋိညာဉ်အား ထုတ်ပြန်သည်။

**ဧပြီလ**

**၂ ဧပြီ** - အထိုင် ကြိုးမဲ့ အင်တာနက်အား ဖြတ်တောက်သည်။

**၉ ဧပြီ** - ပဲခူး ဖြိုခွင်းမှု။

**၁၆ ဧပြီ** - (CRPH) သည် အမျိုးသား ညီညွတ်ရေး အစိုးရ (NUG) အား ဖွဲ့စည်းပြီး ယာယီ ပြည်ထောင်စု ဝန်ကြီးများ ခန့်အပ်မှုကို စတင် ဆောင်ရွက်သည်။

**၁၇ ဧပြီ** - (ဗမာ နှစ်သစ်ကူး) သင်္ကြန်ကာလတွင် အကျဉ်းသား ၂၃,၁၈၄ ဦးအား လွှတ်ပေးသည်။

**၂၄ ဧပြီ** - အရှေ့တောင် အာရှနိုင်ငံများ အသင်း၊ (ASEAN) အာဆီယံ နိုင်ငံ့ခေါင်းဆောင်များ ဂျကာတာ၌ တွေ့ဆုံခဲ့ကာ ဘုံသဘောတူညီချက် ၅ ချက် ရရှိခဲ့သည်။

**၂၇ ဧပြီ** - ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တွင် လေကြောင်းတိုက်ခိုက်မှုများ ရှိသည်။

**၂၈ ဧပြီ** - မိုဘိုင်း အင်တာနက် သုံးစွဲခွင့်အား ဘဏ်လုပ်ငန်း၊ ငွေကြေးလုပ်ငန်းနှင့် စီးပွားရေး လုပ်ငန်း ဆိုင်ရာ (Applications) များ အတွက် ပြန်လည် ခွင့်ပြုသည်။

**၃၀ ဧပြီ** - ညစဉ် အင်တာနက် ဖြတ်တောက်မှုနှင့် မိုဘိုင်း အင်တာနက် ပြန်ဖွင့်ပေးကာ ခွင့်ပြုသည့် (Applications) များ အသုံးပြုနိုင်သည်။

## မေလ

**၅ မေ** - (NUG) သည် ပြည်သူ့ ကာကွယ်ရေး တပ် (PDF) အား ဖွဲ့စည်းကြောင်း ကြေညာသည်။

**၆ မေ** - အထိုင် ကြိုးမဲ့ အင်တာနက် သုံးစွဲမှုအား ဘဏ်လုပ်ငန်း၊ ငွေကြေးလုပ်ငန်းနှင့် စီးပွားရေး လုပ်ငန်း ဆိုင်ရာ (Applicatoins) များ အတွက် ပြန်လည် ခွင့်ပြုလိုက်သည်။

**၈ မေ** - (SAC) သည် (CRPH)၊ (NUG)၊ (PDF) နှင့်တကွ ၎င်းတို့၏ လက်အောက်ခံ အဖွဲ့များ အားလုံးကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေ အရ အကြမ်းဖက် အဖွဲ့အစည်း အဖြစ် ကြေညာသတ်မှတ်သည်။

**၁၀ မေ** - ဥပဒေ ဆိုင်ရာ အထောက်အကူပေးရေး ဥပဒေအား ပြင်ဆင်ခဲ့သည်။

**၁၃ မေ** - (SAC) သည် ချင်းပြည်နယ်၊ မင်းတပ်မြို့၌ စစ်အုပ်ချုပ်ရေး ဥပဒေ ကြေညာလိုက်သည်။

**၁၈ မေ** - (NUG) သည် ဖက်ဒရယ် ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်း ရေးဆွဲမှုအပေါ် ကြီးကြပ်ရန် ဖက်ဒရယ် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးရာ ကော်မရှင်အား ဖွဲ့စည်းလိုက်သည်။

**၂၀ မေ** - ကယားပြည်နယ် အတွင်း တိုက်ပွဲများ ဆက်လက် စတင် ဖြစ်ပွားသည်။

## ဇွန်လ

**၁ ဇွန်** - (SAC) သည် စာသင်ကျောင်းများ အားလုံး ပြန်ဖွင့်သည်။

**၃ ဇွန်** - (NUG) သည် ရိုဟင်ဂျာနှင့် ဆက်စပ်သော မူဝါဒရေးရာ ရပ်တည်ချက် စာတမ်း တစ်စောင်အား ထုတ်ပြန်သည်။

**၄ ဇွန်** - အာဆီယံ (ASEAN) အထွေထွေ အတွင်းရေးမှူးချုပ်နှင့် ဘရူနိုင်း နိုင်ငံခြားရေး ဝန်ကြီး ပါဝင်သည့် အာဆီယံ ကိုယ်စားလှယ် အဖွဲ့သည် ဧပြီလ ၂၄ ရက်နေ့တွင် ဘုံသဘောတူညီချက် ၅ ချက်နှင့် ဆက်စပ်၍ မြန်မာနိုင်ငံ အရေး အာဆီယံ၏ အထူး ကိုယ်စားလှယ် ခန့်အပ်ရေး အတွက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့် နေပြည်တော်၌ တွေ့ဆုံသည်။ (လက်ရှိအချိန်တွင် အာဆီယံ ဥက္ကဋ္ဌနှင့် အာဆီယံ အတွင်းရေးမှူးချုပ်မှာ ဘရူနိုင်း နိုင်ငံမှ ဖြစ်သည်။)

**၇ ဇွန်** - (NUG) သည် တပ်မတော်နှင့် အပေါင်းအပါ အဖွဲ့အစည်းများအား အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအရ အကြမ်းဖက် အဖွဲ့အစည်း အဖြစ် ကြေညာသည်။

**၁၈ ဇွန်** - ကုလသမဂ္ဂ အထွေထွေ ညီလာခံ၌ မြန်မာနိုင်ငံ ဆိုင်ရာ အခြေအနေများ အပေါ် ဆုံးဖြတ်ချက် (A/75/L.85/Rev.1) အား ချမှတ်လိုက်သည်။

**၃၀ ဇွန်** - (SAC) သည် အာဏာသိမ်းပြီးနောက်ပိုင်း အကျဉ်းသား ၂,၂၉၆ ဦးအား လွှတ်ပေးလိုက်သည်။

## ၄။ အာဏာသိမ်းမှု ဆန့်ကျင်ရေး ငြိမ်းချမ်းစွာ ဆန္ဒပြမှုနှင့် ခုခံတော်လှန်မှုအား မြန်မာ လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ ဖြိုခွင်းမှု

၄။ ဖေဖဝါရီလ၊ စစ်တပ် အာဏာသိမ်းပြီးနောက်တွင် များစွာသော ပြည်သူလူထုသည် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်း၊ နေအိမ်နှင့် အွန်လိုင်းမှ ဆန္ဒထုတ်ဖော်ခြင်းဖြင့် မြန်မာပြည်သူတို့၏ သတင်းစကားများသည် နယ်စည်းမခြား ပြန့်နှံ့သွားခဲ့သလို လမ်းမပေါ်၌ ကြီးမားလှစွာသော လူထုအရွယ်အစားနှင့် ဆန္ဒဖော်ထုတ်ရာ၌ တီထွင်ဆန်းသစ်မှု ရှိသောကြောင့် ကမ္ဘာတဝှမ်း အံ့အားသင့် အာရုံစိုက်ခြင်း ခံရသည်။ အစောပိုင်းကာလမှ စ၍ နိုင်ငံအဝှမ်းရှိ အိမ်ထောင်စုများသည် အစဉ်အလာအရ မကောင်းဆိုးဝါး နှင်သည့် အယူအဆပေါ် အခြေခံသော သံပုံးတီး လှုပ်ရှားမှုအား တပြေးညီ ညစဉ်ညတိုင်း ဆောင်ရွက်ခဲ့သည်။ ထိုသို့ သံပုံးတီး လှုပ်ရှားမှုသည် လပေါင်းများစွာ ကြာမြင့်ခဲ့ကာ စစ်တပ်၏ လုပ်ရပ်များအား စဉ်ဆက်မပြတ် ဆန့်ကျင်သည့် သင်္ကေတအဖြစ် ပြသခဲ့သည်။

၅။ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများသည် မြန်မာနိုင်ငံတလွှား လမ်းမထက်တွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ခဲ့ပြီး အစိုးရဆန့်ကျင်သည့် ဆန္ဒထုတ်ဖော်မှုများကိုလည်း အနုပညာ လက်ရာမြောက်စွာ ပြသခဲ့ကြသည်။ ဒီမိုကရေစီအရေး အားပေးထောက်ခံသည့် ဆောင်ပုဒ်များ၊ ဆန္ဒပြသူများ၏ ဝတ်စားဆင်ယင်မှုများနှင့် အာဏာသိမ်းမှု ဆန့်ကျင်ရေး ပုံကားချပ်များတို့သည် မြန်မာပြည်သူများ၏ တစိတ်တဝမ်းတည်း ရှိမှုကို ပြသခဲ့သည်။ အနုပညာဆန်ဆန် ဆန့်ကျင်ဆန္ဒပြရန် ဖိတ်ခေါ်သည့် ကမ်းပိန်း လှုပ်ရှားမှုများကြောင့် အနုပညာမြောက်သော ဆန္ဒပြမှုများ ထွန်းကားလာသလို ဆန္ဒပြသူများ တပြေးညီလက်ခံသည့် လက်သုံးချောင်းထောင် ဆန္ဒပြသော အနုပညာ လက်ရာများအား မြင်တွေ့လာရပြီး (လက်သုံးချောင်းထောင်ခြင်း) "#ThreeFinger"၊ (အနုပညာအားဖြင့် တွန်းလှန်ခြင်း) "FightWithArt" နှင့် (မြန်မာပြည်မှာ ဘာဖြစ်နေသနည်း) "#WhatsHappeningInMyanmar" စသည့် Hashtags (#) များဖြင့် လူမှုကွန်ရက်တွင် ပို့တင်ကြ၊ ဝေမျှကြပါသည်။ (မည်သူမည်ဝါ မဖော်ပြထားသည့် ထိုအနုပညာရှင်များ၏ ဖော်ပြပါ အနုပညာလက်ရာ ပုံစံများအား အောက်တွင် ကြည့်နိုင်ပါသည်။) ဂီတအနုပညာရှင်များလည်း ဆန္ဒဖော်ထုတ်သည့် တေးသီချင်းများ စပ်ဆိုကြပြီး လမ်းမထက်နှင့် အွန်လိုင်းပေါ်တွင် တေးသရုပ်ဖော်မှုများ ရှိသလို အာဏာသိမ်းမှု ဆန့်ကျင်ရေး ကဗျာများကိုလည်း စပ်ဆိုဖတ်ကြားခဲ့ကြသည်။ ထိုသို့ အနုပညာမြောက်စွာ သရုပ်ပြ ဆန္ဒထုတ်ဖော်မှုများသည် ဆန္ဒပြ လှုပ်ရှားမှုအား အရောင်အသွေး စုံလင်သော ပတ်ဝန်းကျင် တစ်ခုကို ဖန်တီးခဲ့ကာ ဆန္ဒပြပွဲများအား ကမ္ဘာသိအောင် ထုတ်လွှင့်နိုင်ခဲ့သည်။

၆။ လူငယ်များသည်လည်း အွန်လိုင်းတွင် စိတ်လှုပ်ရှားဖွယ်ရာ၊ ဟာသနှောသည့် (Memes) ဓာတ်ပုံနှင့် ဗီဒီယိုများအား အစဉ်တစိုက် ဝေမျှကြကာ ၎င်းတို့အား လူကြည့်များသည်။ လူငယ် မျိုးဆက်သစ်များသည် စစ်တပ် အာဏာပိုင်များအား အတိုက်အခံပြု ဆန့်ကျင်ဝေဖန်မှုများကို တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်နေသလို တခါတရံ ဦးဆောင်ဦးရွက်ပြုနေကြောင်း အထက်ပါ အဖြစ်အပျက်များက ညွှန်ပြနေသည်။


၇။ ဆန္ဒပြရာတွင် တီထွင်ဆန်းသစ်မှု ရှိခြင်းသည် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှု အစဉ်အလာလည်း ဖြစ်သည်။ ဥပမာ၊ "လုံချည်/ ထမိန် သပိတ်" ဟု ခေါ်သော ဆန္ဒပြမှုတွင် *လုံချည်* အမျိုးအစားဖြစ်သော *ထမိန်* ဟု ခေါ်သည့် အမျိုးသမီးများ ရိုးရာအရ ဝတ်ဆင်သည့် အဝတ်စများကို မြို့ရပ်ကွက် အဝင်ဝများတွင် ချိတ်ထားကြသည်။ ထုံးတမ်းအစဉ်အလာအရ အမျိုးသမီး အဝတ်အစားအောက် ဖြတ်သွားသော အမျိုးသားများသည် ဘုန်းနိမ့်သည်၊ ကံမကောင်းတတ်ဟု အယူရှိသည်ကို ထင်ဟပ်သည့် သပိတ်မျိုး ဖြစ်သည်။ အချို့သော

နေရာများတွင် လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ထိုရိုးရာ အယူအဆကြောင့် ထမိန်တန်းများ အောက်မှ မဖြတ်သွားလိုခဲ့ကြပေ။ အချို့သော ဆန္ဒပြပွဲများတွင် (R2P) ဟု ရေးသားထားသော ကဒ်ပြားများကို အချို့က ကိုင်ဆောင်ထားကာ ၎င်းမှာ "လူမျိုးသုဉ်း သုတ်သင်မှု၊ စစ်ရာဇဝတ်မှု၊ လူမျိုးစု ပျောက်ကွယ်စေခြင်းနှင့် လူသားဖြစ်တည်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများမှ အရပ်သားလူထုအား ကာကွယ်ရေး အကူအညီပေးရန်"နှင့် "နိုင်ငံ အစိုးရ အာဏာပိုင်များက ၎င်းတို့၏ ပြည်သူလူထုကို ကာကွယ်ပေးရေး ပျက်ကွက်သည့် အခြေအနေ၌" အရေးယူ ဆောင်ရွက်ပေးရန် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝန်း၌ တာဝန်ရှိသည်ဟု သတင်းစကား ပေးကြသည်။[1]

၈။ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ဆန္ဒပြသူများအား ဖြိုခွင်းရန် သေစေလောက်သော အင်အားသုံး ဖြိုခွင်းမှု တိုးမြင့်လာသည်နှင့် အညီ ဆန့်ကျင်ဆန္ဒပြပွဲများသည်လည်း သရုပ်ဖော် တောင်းဆိုသည့် ပုံစံထက် သင်္ကေတ သဘောဆောင်သော အခြေအနေသို့ ဆင့်ကဲ ပြောင်းလဲလာသည်။ ဥပမာ တစ်ခုကို ကြည့်လျှင် "သွေးသပိတ်" ဟု ခေါ်သော ဆန္ဒထုတ်ဖော်မှု၌ အာဏာသိမ်းမှု ဆန့်ကျင်ဆန္ဒပြသူများသည် အများပြည်သူ သွားလာသည့် နေရာများတွင် အနီရောင် ဆေးမှုတ်ခြင်းဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များကြောင့် အသတ်ခံရသော ဆန္ဒပြသူများ၏ သွေးကို သင်္ကေတအဖြစ် ကိုယ်စားပြုခဲ့သလို ၎င်းတို့၏ ဆန့်ကျင်လိုသည့် စိတ်ဓာတ်ကိုလည်း ပြသခဲ့သည်။ ဆန္ဒပြသည့် နောက်တစ်နည်းမှာ ဆန္ဒပြသူများသည် ဆန္ဒပြ ဆောင်ပုဒ်ကဒ်များအား လူကိုယ်တိုင် မဟုတ်ဘဲ အရုပ်များအား ကိုင်ဆောင်သည့် နည်း ဖြစ်သည်။ အောက်ဖော်ပြထားသည့် အဖြစ်အပျက်များအရ ဆန္ဒပြသူများသည် လုံခြုံရေး တပ်ဖွဲ့ဝင်များအား တိမ်းရှောင်ရှားရန် အလို့ငှာ "လျှပ်တပြတ်နည်း"ဖြင့် ဆန္ဒပြခြင်းအား မနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းတွင် စီစဉ်ပြုလုပ်ခဲ့ကြသည်။ လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ အကြမ်းဖက် လုပ်ရပ်များအား တုံ့ပြန်ရင်ဆိုင်သည့် အနေဖြင့် ဆန္ဒပြပွဲများသည် ဆန်းသစ်တီထွင်မှုဖြင့် ဆန္ဒပြသည့် ပုံစံမှ အသွင်ပြောင်းသွားခဲ့ကြောင်း မြင်တွေ့နိုင်ပါသည်။

၉။ အောက်တွင် ဖော်ပြသည့် အပိုင်းခွဲများ၌ မတ်လနှင့် ဧပြီလဆန်း အတွင်း ဖြစ်ပျက်ခဲ့သော အဖြစ်အပျက် ၄ ခုကို အသေးစိတ် ဖော်ပြထားပါသည်။ ထိုအဖြစ်အပျက် ၄ ခုမှာ မြောက်ဥက္ကလာပ၊ လှိုင်သာယာ၊ တပ်မတော်နေ့ နှင့် ပဲခူးတို့ ဖြစ်ကြသည်။ ထိုအဖြစ်အပျက်များအရ စစ်တပ် အာဏာပိုင်များအား ငြိမ်းချမ်းစွာ ဆန္ဒပြသူများကို လုံခြုံရေး တပ်ဖွဲ့က ဖြိုခွင်းရာတွင် ဆန္ဒပြသူ ရာပေါင်းများစွာ တရားလက်လွတ် အသတ်ခံခဲ့ရသလို ထိခိုက်ဒဏ်ရာ ရစေခဲ့သောကြောင့် လုံခြုံရေး တပ်ဖွဲ့ဝင်များသည် သေစေလောက်သော နည်းဗျူဟာများဖြင့် ဖြိုခွင်းခဲ့ကြောင်းရှင်းလင်းစွာ ပြသနေသည်။

[1] A/RES/60/1 2005 World Summit Outcome, အပိုဒ် ၁၃၉ အား ကြည့်ပါ။












*Images courtesy of "Raise Three Figers"*

*https://www.threefingers.org/*


## က။ မြောက်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်မြို့ မြောက်ပိုင်း (၃ မတ်လ ၂၀၂၁ ခုနှစ်)

၁၀။ ရန်ကုန်မြို့ မြောက်ပိုင်း၊ မြောက်ဥက္ကလာပ မြို့နယ် အတွင်း မတ်လ ၃ ရက်နေ့ မတိုင်မီ နေ့များ၌ အာဏာပိုင်များသည် နိုင်ငံအဝှမ်းရှိ အာဏာသိမ်းမှု ဆန့်ကျင်ဆန္ဒပြမှုများအား ဖြိုခွင်းရန် တပ်အင်အား တိုးချဲ့ ချထားသည့် လက္ခဏာများ တွေ့ခဲ့ရသည်။ မြောက်ဥက္ကလာပ မြို့နယ်ရှိ အဖြစ်အပျက်များ အရ တပ်မတော်သည် ငြိမ်းချမ်းစွာ ဆန္ဒပြသူများနှင့် ဒဏ်ရာရသူများအား ဆေးကုသပေးသော ကျန်းမာရေး လုပ်သားများကို သေစေလောက်သော အင်အားသုံးဖြိုခွင်းခဲ့သည် ဖြစ်ရာ တပ်မတော်၏ ဗျူဟာ အပြောင်းအလဲရှိကြောင်း ထင်ရှားစွာ တွေ့နိုင်သည်။ မတ်လ ၃ ရက်နေ့ နံနက် ၉ နာရီခွဲခန့်တွင် အာဏာသိမ်းမှု ဆန့်ကျင်သော ဆန္ဒပြသူ ရာပေါင်းများစွာသည် မြောက်ဥက္ကလာပ မြို့နယ်ရှိ ကျောက်ရေတွင်း တံတား အနီးရှိ မီးပွိုင့် လမ်းဆုံနှင့် သုဒ္ဓမာလမ်းပေါ်တွင် ငြိမ်းချမ်းစွာ စုဝေးနေခဲ့ကြသည်။ (ဤအပိုင်း၏ အဆုံးတွင် မြောက်ဥက္ကလာပ မြေပုံအား ကြည့်နိုင်ပါသည်။) ဆန္ဒပြပွဲ၌ လူအများဆုံး စုဝေးချိန်ဖြစ်သည့် နံနက် ၁၁ နာရီခန့်တွင် ရဲသားများနှင့် စစ်သားများ တင်ဆောင်လာသည့် ထရပ်ကား မြောက်များစွာ ရောက်လာကာ တံတားအနီး၌ နေရာယူလိုက်သည်။ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ဆေးရုံတစ်ခု အပါအဝင် အနီးအနားရှိ အဆောက်အအုံများ၌ နေရာယူကြသလို ပတ်ဝန်းကျင်ရှိ ဝင်ထွက်နိုင်သော လမ်းကြားများကိုလည်း ပိတ်ဆို့ခဲ့သည်။

၁၁။ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ဆန္ဒပြသည့် နေရာများမှ ထွက်ခွာသွားရန်နှင့် ထိုသို့ ထွက်ခွာ မသွားပါက အရေးယူခံရနိုင်ကြောင်း ဆန္ဒပြသူများအား သတိပေးခဲ့သည်။ ဆန္ဒပြသူများက လူစုခွဲရန် ငြင်းဆန်သောအခါ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရာဘာကျည်များဖြင့် စတင်ပစ်ခတ်သလို မျက်ရည်ယိုဗုံးနှင့် အသံဗုံးများဖြင့်လည်း ပစ်ကြသည်။ ဆန္ဒပြသူ အများအပြားမှာ မထွက်ပြေးနိုင်ဘဲ ၁၀၀ ကျော်ခန့် အဖမ်းခံရကာ အဖမ်းခံရသူများအား မီးပွင့်လမ်းဆုံတွင် ရပ်ထားသော ထရပ်ကားပေါ်သို့ တင်ဆောင်သွားကြသည်။ ထရပ်ကား အတွင်း ဖမ်းဆီးခံရသူများမှ အချို့မှာ ဘေးလမ်းကြားများ အတွင်း ပြေးဝင်ကာ လွတ်မြောက်ရန် ကြိုးစားသော်လည်း ၎င်းတို့သည် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လိုက်လံဖမ်းဆီးခြင်းကို ခံခဲ့ရသည်။

၁၂။ ထိုနေ့၊ ညနေ ၄ နာရီခွဲဝန်းကျင်တွင် လက်နက်မဲ့ ဆန္ဒပြပြည်သူများသည် သုဓမာလမ်းမပေါ်တွင် ပြန်လည် စုဝေးနေခဲ့သည်။ ယုံကြည်စိတ်ချရသော သတင်းရင်းမြစ်များ အရ ဆန္ဒပြသူများသည် တံတားတွင် နေရာယူထားသော ရဲတပ်ဖွဲ့များအား ဝိုင်းရံပြီး ဖမ်းဆီးခံရသူများကို ပြန်လွှတ်ပေးဖို့ တောင်းဆိုနေစဉ်တွင် ခြေမြန်တပ်မ ၇၇ သည် ထရပ်ကားများစွာဖြင့် ထိုနေရာသို့ ရောက်လာသည်။ ဖမ်းဆီးခံ ဆန္ဒပြသူများအား ပြန်လွှတ်ပေးရေး တောင်းဆိုသော လူထုက စတင်၍ မငြိမ်မသက်ဖြစ်လာသည့် အခါတွင် စစ်သား ၃ ဦးသည် ထရပ်ကားပေါ်မှ ဆင်းလာ၍ ကျည်အစစ်များဖြင့် လူအုပ်ကို စတင် ပစ်ခတ်လေသည်။ တစ်ချိန်တည်းမှာပင် ထရပ်ကားပေါ်ရှိ စစ်သားများသည်လည်း လူအုပ်အတွင်းသို့ အော်တိုမစ်တစ် ရိုင်ဖယ် သေနတ်များဖြင့် ပစ်ခတ်လေသည်။ ထိုစဉ် ဘေးပတ်လည် အဆောက်အအုံများတွင် နေရာယူထားသော စနိုက်ဘာ သမားများကလည်း စတင် ပစ်ခတ်လေသည်။ အချို့ စစ်သားများသည် ဆန္ဒပြသူများအား သတ်ဖြတ်လိုသည့် ရည်ရွယ်ချက် ရှိကြောင်း ကျယ်လောင်စွာ အော်ဟစ်ပြောဆိုကြသည်ဟု ထပ်တလဲလဲ ထွက်ဆိုမှုများ ရှိသလို မျက်မြင်သက်သေများ၏ ထွက်ဆိုချက် အရ ပစ်ခတ်မှုကြောင့် ဆန္ဒပြသူများသည် သေလောက်သော ဦးခေါင်းဒဏ်ရာ ရရှိသည် ဖြစ်ရာ ချိန်ရွယ်ပစ်ခတ်သည်ဟု ဆိုနိုင်ပါသည်။ ဒဏ်ရာရသူများအား အကူအညီပေးသူများကိုလည်း သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။ ဆန္ဒပြသူများအား သေစေလောက်သော အင်အားသုံး ဖြိုခွင်းခြင်းကြောင့် သေဆုံးဒဏ်ရာရမှု မြင့်တက်ခဲ့သည်။ များစွာသော သတင်းရင်းမြစ်များအရ လူ ၉ ဦးမှ ၃၂ ဦးအထိ သေဆုံးခဲ့ကာ အယောက် ၅၀ ဒဏ်ရာရသည်ဟု ဆိုသည်။

၁၃။ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် မြောက်ဥက္ကလာပ မြို့နယ်အတွင်း ကျန်းမာရေး လုပ်သားများ၊ လူနာတင်ယာဉ်များ၊ ကျန်းမာရေး ပစ္စည်းများနှင့် အဆောက်အအုံများအား ဦးတည် တိုက်ခိုက်ခဲ့ကာ ဒဏ်ရာရ ဆန္ဒပြသူများအား ဆေးကုသမှုပေးနေသည့် ကျန်းမာရေး လုပ်အားပေးများကိုလည်း ဖမ်းဆီးထိန်းသိမ်းခဲ့သည်ဟု များစွာသော သတင်းရင်းမြစ်များက ဆိုကြသည်။ အဖြစ်အပျက် တစ်ခုတွင် ရဲတပ်ဖွဲ့ဝင်များသည် ဒဏ်ရာရ ဆန္ဒပြသူများအား တင်ဆောင်ရန် သွားနေသော လူနာတင်ယာဉ်တစ်စီးကို ပစ်ခတ်၊ တားဆီးခဲ့ကာ လူနာတင်ယာဉ်ပေါ်ရှိ ကျန်းမာရေး လုပ်အားပေး ၃ ဦးကို ကန်ကျောက်၊ ရိုက်နှက်ပြီး ဖမ်းဆီးခဲ့သည်။ ထိုညနေပိုင်းတွင် လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ဒဏ်ရာရ ဆန္ဒပြသူများအား အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှုပေးရန် စေလွှတ်ခဲ့သည့် လူမှုကူညီရေး အဖွဲ့ တစ်ခု၏ ရုံးခန်းအတွင်း ဝင်ရောက်ရှာဖွေခဲ့သည်။ ဝင်ရောက်ရှာဖွေစဉ် ရဲတပ်ဖွဲ့ဝင်များသည် ရုံးအတွင်းရှိ ဝန်ထမ်းများအား ညှင်းပန်းနှိပ်စက်မှုများ ရှိပြီး (CDM) လှုပ်ရှားမှု ထောက်ခံသူများ စာရင်းအား တောင်းခဲ့ကာ ကွန်ပျူတာ၊ ဗီဒီယို ကင်မရာနှင့် လက်ကိုင်ဖုန်းများ ကဲ့သို့သော ရုံးသုံး ပစ္စည်းများကိုလည်း သိမ်းဆည်းသွားခဲ့သည်။


UNITED NATIONS HUMAN RIGHTS OFFICE OF THE HIGH COMMISSIONER
Yangon, Myanmar: Main locations of 3 March 2021 incident in North Okkalapa
OHCHR Myanmar
July 2021
Main Protest Site
Protestors gather here on Thudhamma Road, predominantly around an intersection
North Okkalapa General Hospital
Security forces occupied North Okkalapa General Hospital
Kyauk Ye Twin North Okkalapa Bridge
Security Forces were stationed on the Kyauk Ye Twin North Okkalapa Bridge
Map location within Yangon
Shwepyithar
Hlaingtharya
Dagon Myothit (South)
Dagon Myothit (North)
Yangon (East)
Yangon
Thanlyin
MYANMAR
Naypyidaw
Vientiane
Bangkok
YANGON
Yangon (West)
Yangon (East)
Thu Dhamma Road
Thu Dhamma Rd
Dhamma Road
Nilar Road
Waponla street
Thiri Kan Tar Street
Maydarwi Road
wai pon la
Baw Ga St
Padomma St
Zi Za War St
Thukha Street
Kjun Sai Khin
Thandar Road
U Aw 1 St
LEGEND
KYT North Okkalapa Bridge
North Okkalapa General Hospital
Main Protest Site
The names shown and designations used on this map do not imply official endorsement or acceptance of the United Nations.
0 0.5 1 km
Created: 16 July 2021 Authors: OHCHR Myanmar, IMDA/ERS/ OHCHR Sources: OHCHR Myanmar, OCHA, open sources Contact: imsupport@ohchr.org

## ခ။ လှိုင်သာယာ မြို့နယ်၊ ရန်ကုန်မြို့ အနောက်ပိုင်း၊ (၁၄ မတ် ၂၀၂၁ ခုနှစ်)

၁၄။ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် မတ်လ ၁၄ ရက်နေ့တွင် ရန်ကုန်မြို့၊ အနောက်ပိုင်းရှိ လှိုင်သာယာမြို့နယ် အတွင်း စစ်ဆင်ရေး တစ်ရပ် ဆင်နွှဲခဲ့ရာ ၎င်းတို့၏ သေစေလောက်သော အင်အားသုံး ဖြိုခွင်းမှုများ တိုးလာခဲ့သည်။ ထိုနေ့မှာပင် စစ်တပ် အာဏာပိုင်များသည် လှိုင်သာယာမြို့နယ်အား အလျင်အမြန် စစ်အုပ်ချုပ်ရေး ကြေညာသတ်မှတ်ခဲ့ခြင်းကြောင့် မြောက်များစွာသော မြို့နေ ပြောင်းရွှေ့လုပ်သားသည် လှိုင်သာယာမှ စွန့်ခွာတိမ်းရှောင်ကြရကာ တရားဥပဒေ စိုးမိုးရေးကို အားနည်းစေခဲ့သည်။

၁၅။ မတ်လ ၁၄ ရက်နေ့ နံနက် ၈ နာရီခန့်တွင် ဆန္ဒပြသူများသည် စုဝေး၍ အကာအရံ အတားအဆီးများ တည်ဆောက်ကာ ရာပေါင်းများစွာသော ပြည်သူများသည် လှိုင်မြစ်လမ်းမ တလျှောက်ရှိ မှတ်တိုင်တိုင်းတွင် စုဝေးနေချိန် မှတ်တိုင် အနီး လမ်းပိတ်မှုများ ပြုလုပ်ခဲ့သည်။ (ဤအပိုင်း၏ အဆုံးတွင် လှိုင်သာယာ မြေပုံအား ကြည့်ပါ။) နံနက် ၉ နာရီဝန်းကျင်တွင် ထိုလမ်းမအနီးရှိ အောင်ဇေယျ တံတားအောက်၌ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် သတိပေး သေနတ်ပစ်ဖောက်မှုများ ရှိခဲ့သည်။

၁၆။ လမ်းမကြီးတလျှောက်ရှိ မှတ်တိုင်များမှ ဆန္ဒပြသူများသည် စတင် ပေါင်းစည်းလာပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များသည် နံနက် ၁၀ နာရီဝန်းကျင်တွင် ၁ ထိပ်မှတ်တိုင်၌ ဆန္ဒပြသူများကို ချိန်ရွယ်၍ ကျည်အစစ်ဖြင့် စတင် ပစ်ခတ်ခဲ့သည်။ ယင်းနောက် လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ၃ ထိပ် မှတ်တိုင်သို့ သွားကာ ကြိုတင် သတိပေးခြင်း မရှိဘဲ မျက်ရည်ယိုဗုံးနှင့် ကျည် အစစ်များဖြင့် ပစ်ခတ်ခဲ့သည်။ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ကျည် အစစ်ဖြင့် ၁ ထိပ်၊ ၃ ထိပ်နှင့် ၅ ထိပ် မှတ်တိုင်များ အနီးတဝိုက်တွင် တရစပ်၊ ရမ်းသမ်းပစ်ခတ်ခဲ့ကာ အနည်းဆုံး လူ ၅ ဦး သေဆုံးပြီး ၁၀ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း ရင်းမြစ်များက ဆိုသည်။ မွန်းလွဲပိုင်း၌ လူ ၂၀ ခန့် ဒဏ်ရာ ရရှိသည်ဟူ၍လည်း နောက်ပိုင်းတွင် ပြောဆိုကြသည်။

၁၇။ လှိုင်မြစ် လမ်းမကြီးတလျှောက်တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များသည် လူဝင်မှု ကြီးကြပ်ရေး ဦးစီးဌာနရုံး၊ ရဲစခန်းနှင့် မြို့နယ် ခန်းမတို့တွင် အခြေစိုက်ကြောင်း ပြောဆိုကြသည်။ မျက်မြင်သက်သေ တစ်ဦး၏ ပြောဆိုချက် အရ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ထိုရုံး အဆောက်အအုံများမှ နေ၍ ရုံးရှေ့ မှတ်တိုင် အနီးရှိ ဆန္ဒပြသူများအား ကျည်အစစ်ဖြင့် ပစ်ခတ်ခဲ့သည်ဟု ဆိုသည်။

၁၈။ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် မွန်းလွဲ ၃ နာရီ ဝန်းကျင်တွင် တံတားဖြူ မှတ်တိုင်သို့ ရောက်သွားကာ ဆန္ဒပြသူများ သာမက ဒဏ်ရာရသူများအား ကူညီသူများကိုပါ "မရပ်မနား" ပစ်ခတ်လေသည်။ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ထွက်ပြေးနေသော ဆန္ဒပြသူများအား နေအိမ်များ အတွင်း ဝင်ရောက်ဖမ်းဆီးခဲ့ရာ နေအိမ် အတွင်းမှ လူများပါ ထိခိုက်ဒဏ်ရာရမှုများ ရှိကြောင်း တသမတ်တည်း ထွက်ဆိုကြသည်။ တံတားဖြူ မှတ်တိုင် အနီး ပစ်ခတ်မှုကြောင့် အနည်းဆုံး လူ ၁၆ ဦး သေဆုံးခဲ့ကာ ၎င်းတို့ထဲမှ ၂ ဦးသည် ဦးခေါင်း ကျည်သင့်ဒဏ်ရာဖြင့် ကွယ်လွန်ခဲ့သဖြင့် ချိန်ရွယ်ပစ်သတ်ခံသည်ဟု ဆိုနိုင်သည်။

၁၉။ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် မီးခွက်ဈေး မှတ်တိုင်အနီး ဆန္ဒပြသူ ၁၀၀ ကိုလည်း သေစေလောက်သော အင်အားသုံး ဖြိုခွင်းခဲ့ကြောင်း ဖော်ပြထားသည်များ ရှိသည်။ လူဦးရေ ၁၀၀ ခန့်သည် ဒီမိုကရေစီ အားပေးထောက်ခံသော ဆောင်ပုဒ်များ ကြွေးကြော်ကြကာ ရဲတပ်ဖွဲ့ဝင်များအား ဆုတ်ခွာသွားရန် အော်ဟစ်ခဲ့သည်။ စစ်သားများသည် လက်နက်များနှင့် ဘူဒိုဇာများဖြင့် ရောက်လာကာ သတိပေးခြင်းမရှိဘဲ မီးခိုးဗုံးနှင့် ကျည်အစစ်များဖြင့် ပစ်ခတ်ခဲ့ကြသည်။ သေနတ် ဒဏ်ရာဖြင့် လူ ၂ ယောက်သေဆုံးခဲ့ကာ နောက်တစ်ဦးမှာ မျက်နှာတွင် ဒဏ်ရာ ရရှိခဲ့သည်ဟု မျက်မြင်သက်သေ တစ်ဦးက ဆိုသည်။

၂၀။ ယုံကြည်စိတ်ချရသည့် သတင်းရင်းမြစ်များအရ မတ်လ ၁၄ ရက်နေ့ ဖြိုခွင်းမှုကြောင့် ကလေးငယ် ၅ ဦး အပါအဝင် လူပေါင်း ၆၂ ဦးသေဆုံးသည်ဟု ဆိုသည်။ သို့သော် ဒေသန္တာရ ကျန်းမာရေး အဖွဲ့များနှင့် လှိုင်သာယာ ဆေးရုံအကြား ချိတ်ဆက်မှု မရှိသည့် အပြင် ရုပ်အလောင်းများ ပျောက်ဆုံးနေသည် ဟူသည့် သတင်းများ ကြားသိရသည့် အတွက် အမှန်တကယ် သေဆုံးသည့် အရေအတွက်မှာ ပိုမို များပြားနိုင်ပါသည်။

၂၁။ မတ်လ ၁၄ ရက်နေ့ မွန်းလွဲပိုင်းတွင် ကနောင်မင်းသား လမ်းနှင့် ယောအတွင်းဝန် ဦးဖိုးလှိုင် လမ်းဆုံ အနီးရှိ ရွှေလင်ဗန်း စက်မှုဇုံ အတွင်း တရုတ်နိုင်ငံမှ ငွေကြေး ပံ့ပိုးထားသော စက်ရုံ ၃ လုံးသည် မီးလောင်ပျက်စီးသွားခဲ့သည်။ မီးလောင်ရသည့် အကြောင်းရင်းကို သေချာစွာ မသိရသေးသော်လည်း တရုတ်စီးပွားရေး လုပ်ငန်းများအား ဦးတည်တိုက်ခိုက်သည့် ပုံစံများ ရှိနေခဲ့သည်။ တရုတ်နိုင်ငံ အစိုးရ သတင်းမီဒီယာများ၏ ဖော်ပြချက် အရ မတ်လ ၁၄ ရက်နေ့ အဖြစ်အပျက်ကြောင့် တရုတ် ရင်းနှီးမြှုပ်နှံထားသော စုစုပေါင်း စက်ရုံ ၃၂ ရုံ ပျက်စီးခဲ့ရကြောင်း နှင့် တရုတ်ဝန်ထမ်း ၂ ဦးလည်း ဒဏ်ရာရခဲ့ကြောင်း ကြေညာခဲ့သည်။[2]

၂၂။ မတ်လ ၁၄ ရက်နေ့တွင် ပစ်ခတ်ခြင်း၊ ရှာဖွေမွှေနှောက်ခြင်းနှင့် ဖမ်းဆီးခြင်း ကဲ့သို့ အဖြစ်အပျက်များကြောင့် လှိုင်သာယာနေ ပြည်သူလူထု အကြား အကြောက်တရား ကြီးစိုးခဲ့သည်။ မတ်လ ၁၄ ရက်နေ့မှ စ၍ ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်မှ ပြောင်းရွှေ့လုပ်သား အများစု ဖြစ်သည့် လှိုင်သာယာနေ ပြည်သူလူထု ၁၀၀,၀၀၀ ကျော်သည် လှိုင်သာယာအား စွန့်ခွာကြကာ ၎င်းတို့၏ မွေးရပ်မြေ ကျေးရွာများသို့ ပြန်သွားခဲ့ကြသည်။

[2] ဂလိုဘယ်တိုင်း၊ "သံရုံးထုတ်ပြန်ချက် - တရုတ် စက်ရုံ ၃၂ ရုံ ပျက်စီးခဲ့ကာ ဝန်ထမ်း ၂ ဦး ဒဏ်ရာ ရခဲ့၊", ၁၅ မတ်လ ၂၀၂၁ ခုနှစ်, https://www.globaltimes.cn/page/202103/1218404.shtml အင်တာနက် စာမျက်နှာ



Yangon, Myanmar: Main locations of 14 March 2021 incident in Hlaingtharya
OHCHR Myanmar
July 2021
UNITED NATIONS HUMAN RIGHTS OFFICE OF THE HIGH COMMISSIONER
Map location within Yangon
Shwepyithar
Yangon (North)
Dagon Myothit (North)
Dagon Myothit (South)
Hlaingtharya
YANGON
Naypyidaw
Vientiane
Bangkok
Bay of Bengal
Chinese-financed factories burnt down
Hlaingtharya Town Hall
Stationed by security forces
Hlaingtharya Immigration Office
Stationed by security forces
Hlaingtharya General Hospital
Htiek 1
Htiek 3
Htiek 5
Yone Shae
Tadar Phyu
Mee Kwa Zay
Winthuzar
Ward 15
FMI City
Seik Kan Thar Road
Kanaung Min Thar Gyi Road
Tabin Shwe Htee Road
Bo Ba Htoo 13th Road
Bo Aung Kyaw Road
U Pone Nya Street
Phan Chat Factory Road
LEGEND
Protest sites
Chinese-financed factories burned
Government buildings
General hospital
Roadblock
Created: 16 July 2021 Authors: OHCHR Myanmar, IMDA/ERS/ OHCHR Sources: OHCHR Myanmar, OCHA, open sources Contact: imsupport@ohchr.org

## ဂ။ တပ်မတော်နေ့ (၂၇ မတ်လ ၂၀၂၁ ခုနှစ်)

၂၃။ မြန်မာနိုင်ငံ၌ တပ်မတော်နေ့အား နှစ်စဉ်နှစ်တိုင်း ကျင်းပလေ့ရှိသည်။ တပ်မတော်နေ့ မတိုင်မီ ရက်များ၌ မြို့ကြီးမြို့ငယ်များတွင် လုံခြုံရေး ထပ်တိုးချထားခဲ့သည်။ မတ်လ၊ ၂၆ ရက်နေ့တွင် လူငယ်များ အနေဖြင့် "ဦးခေါင်းနှင့် ကျောဘက်တွင် သေနတ်ဖြင့် ပစ်ခတ်ခံရ၍ ရုပ်ပျက်ဆင်းပျက် သေဆုံးနိုင်သည့် ဘေးမှ သင်ခန်းစာယူကြရန်" (SAC) အစိုးရပိုင် မြန်မာ့အသံ နှင့် ရုပ်မြင်သံကြား (MRTV) မှ ပေါ်ပေါ်ထင်ထင် သတိပေးခဲ့သည်။ နောက်တစ်နေ့တွင် ထိုသတိပေးချက်အား (SAC) အစိုးရပိုင် မြန်မာ့ အလင်း သတင်းစာတွင်လည်း ပြန်လည် ဖော်ပြခဲ့သည်။[3]

၂၄။ ၂၀၂၁ ခုနှစ်၊ မတ်လ၊ ၂၇ ရက်နေ့တွင် နေပြည်တော်၌ (တပ်မတော်) ကျည်းရေလေ တပ်ဖွဲ့ဝင်များသည် တပ်မတော်နေ့ အခမ်းအနား ကျင်းပခဲ့ကြသည်။ ထိုနေ့၌လည်း နေရာတကာတွင် လုံခြုံရေး တပ်ဖွဲ့ဝင်များ ထပ်တိုး ချထားသော်လည်း ဆန္ဒပြပွဲများ တနိုင်ငံလုံး အတိုင်းအတာဖြင့် ဆင်နွှဲရန် ပြင်ဆင်ထားခဲ့ကြသည်။ ယခုအချိန်တွင်မူ ဆန္ဒပြသူများသည် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ သေစေလောက်သော အင်အားသုံး ဖြိုခွင်းမှုကို တုံ့ပြန်ရင်ဆိုင်ရန် လမ်းပိတ်ဆို့မှုများ၊ လက်လုပ် အကာအရံနှင့် ကျပန်းလက်လုပ် လက်နက်များ အနည်းအကျဉ်း ပြုလုပ်ခြင်းတို့ဖြင့် နည်းဗျူဟာများအား ပြောင်းလဲကျင့်သုံးနေခဲ့ကြသည်။ အချို့နေရာများတွင် အချို့ဆန္ဒပြသူများသည် လောက်လွှဲ၊ လေးခွနှင့် မိုလိုတော့ မီးလောင်ဗုံးများ ကိုင်ဆောင်ခဲ့သည်။ ထိုလက်နက်များကြောင့် ရဲတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရမှု တစ်ကြိမ်ထက်ပို၍ ရှိခဲ့သော်လည်း ထိုသို့ လုပ်ဆောင်ခြင်းမှာ တပ်နေရာချ အင်အားသုံးဖြိုခွင်းပြီးနောက် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ အာရုံစူးစိုက်မှု အဟန့်အတား ဖြစ်စေရုံ သက်သက် အဓိက ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုနည်းလမ်းများ အသုံးပြုသော်လည်း လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ပြည်ထောင်စု နယ်မြေအပါအဝင် ပြည်နယ်နှင့်တိုင်း ၁၅ ခုမှ ပြည်နယ်နှင့် တိုင်း ၁၂ ခုတွင် ဆန္ဒပြသူများအား ရက်စက်ကြမ်းကြုတ်စွာ ဖြိုခွင်းခဲ့ပါသည်။ ရန်ကုန်နှင့် မန္တလေးတိုင်းတို့တွင် အဓိက ထိခိုက်မှုများ ရှိခဲ့ပြီး အခြား ပြည်နယ်နှင့် တိုင်းဒေသ တစ်ခုစီရှိ မြို့နယ်များတွင်လည်း သေစေလောက်သော အင်အားသုံး ဖြိုခွဲသည့် အဖြစ်အပျက်များ ရှိခဲ့သည်။ နိုင်ငံအဝှမ်း၌ အင်အားသုံး ဖြိုခွင်းခံရသည့် ဆန္ဒပြမှုများ ဖြန့်ကျက်တည်ရှိပုံကို မြေပုံဖြင့် အောက်တွင် ဖော်ပြထားပါသည်။

၂၅။ တပ်မတော်နေ့တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များသည် သေစေလောက်သော အင်အားကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့ခြင်းကြောင့် အနည်းဆုံး လူဦးရေ ၁၃၀ ခန့် သေဆုံးခဲ့သည်ဟု ယုံကြည်စိတ်ချရသော သတင်းရင်းမြစ် များမှ သိရှိရကာ ထိုသို့ သေဆုံးသူ အရေအတွက်သည် ၂၀၂၁ ခုနှစ်၊ ဖေဖဝါရီလ၊ ၁ ရက်နေ့ နောက်ပိုင်းတွင် တစ်နေ့တည်း သေဆုံးသည့် အများဆုံး အရေအတွက်လည်း ဖြစ်သည်။[4] အချို့ အခြေအနေများတွင် ရဲတပ်ဖွဲ့နှင့် စစ်တပ်သည် ကျည်အစစ်ကို မသုံးခင် ရာဘာကျည် သို့မဟုတ် မျက်ရည်ယိုဗုံးကဲ့သို့ ဒဏ်ရာရရုံ လက်နက်များကို အသုံးပြုခဲ့သည်။ အခြား အခြေအနေများတွင်မူ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် စတင်ထိတွေ့သည်နှင့် ကျည်အစစ်ဖြင့် ပစ်ခတ်ခဲ့သည်။ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် သတိပေးခြင်း မရှိဘဲ အင်အားသုံး နှိမ်နင်းဖြိုခွင်းမှုများ ပြုလုပ်ခဲ့ကြောင်း၊ အဖြစ်အပျက် အားလုံးတွင် လုံခြုံရေး တပ်ဖွဲ့ဝင်များ မရောက်လာမီ အချိန်အထိ ဆန္ဒပြသူများသည် ငြိမ်းချမ်းစွာ ဆန္ဒပြနေကြောင်း အင်တာဗျူးစဉ် ဖြေကြားခဲ့သည်။ သေနတ်ဒဏ်ရာဖြင့် သေဆုံးသူ အများစုမှာ ဦးခေါင်းနှင့် ရင်ဘတ် ကျည်သင့်ဒဏ်ရာဖြင့် သေဆုံးသူများ ဖြစ်ကြောင်း မျက်မြင်သက်သေများက အတည်ပြု ပြောဆိုကြသည်။ ထွက်ပြေးစဉ် အနောက်မှ ပစ်ခတ်ခံရသူများ၊ ပုန်းကွယ်ရာမှ ထွက်လာ၍ မတ်တပ်ရပ်နေစဉ် ရင်ဘတ်ကို သေနတ်ဖြင့်

[3] *မြန်မာ့အလင်း သတင်းစာ*, ၂၇ မတ်လ ၂၀၂၁ ခုနှစ်, စာမျက်နှာ ၁၂

[4] ဖော်ပြပါ ကိန်းဂဏန်းမှာ ထိုနေ့မှ စတင်၍ ကရင်ပြည်နယ် အတွင်း လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူများ စာရင်း မပါဝင်သေးပေ။ (အပိုင်း (၅၊က) အား ကြည့်ပါ။)

ပစ်ခတ်ခံရသူများနှင့် ထိခိုက်ဒဏ်ရာရသူများအား ကူညီပေးနေသူများကို လုံခြုံရေး တပ်ဖွဲ့ဝင်များက ပစ်ခတ်မှုများ စသည့် အဖြစ်အပျက်များ အပေါ် (OHCHR) အဖွဲ့အစည်းက မှတ်တမ်းပြုစုထားပါသည်။ ထိုအဖြစ်အပျက်များ အားလုံးတွင် သေနတ်ဒဏ်ရာ ရသူများမှာ လက်နက်မဲ့ ပြည်သူများ ဖြစ်ကြသည်။


၂၆။ မတ်လ ၂၇ ရက်နေ့တွင် အသက် ၉ နှစ်မှ ၁၇ နှစ်ကြား ကလေးငယ် ၁၇ ဦး သတ်ဖြတ်ခြင်း ခံခဲ့ရကာ ဒဏ်ရာရသူများ စာရင်းကိုလည်း အတိအကျ မသိရပေ။ ကလေးသူငယ်များသည် ၎င်းတို့၏ နေအိမ်၌ သို့မဟုတ် နေအိမ် အနီးတွင် သတ်ဖြတ်ခြင်း ခံခဲ့ရပါသည်။ အဖြစ်အပျက် တစ်ခုတွင် စစ်တပ်က ဆန္ဒပြသူများအား ချိန်ရွယ်၍ ပစ်ခတ်သည့် ကျည်ဆံသည် အနီးအနားရှိ ကလေးသူငယ် တစ်ဦးအား ထိမှန်ကာ သေဆုံးခဲ့သည်။ အချို့ အခြေအနေများတွင် လုံခြုံရေး တပ်ဖွဲ့ဝင်များက နေအိမ်များ အတွင်း ရှာဖွေဖမ်းဆီးစဉ် ကလေးငယ်များ အသတ်ခံခဲ့ရသည်။ မြောက်များစွာသော သက်ထွေးအရွယ် ကလေးများလည်း ဆန္ဒပြစဉ် သေလောက်သော ဒဏ်ရာများ ရရှိခဲ့ကြသည်။ ဆန္ဒပြရင်း အသတ်ခံခဲ့ရသည့် ဆယ်ကျော်သက် တစ်ဦး၏ ဆွေမျိုးတစ်ဦးက သူ့အား ဆန္ဒပြပွဲသို့ မသွားရန် တောင်းပန်ခဲ့ကြောင်း ပြန်လည် ပြောပြခဲ့သည်။ သို့သော် ထိုဆယ်ကျော်သက်မှာ ဆန္ဒပြပွဲ သွားရန်သာ ဆန္ဒပြင်းပြခဲ့ပြီး ဆန္ဒပြပွဲ၌ လက်နက်မဲ့ ဆန္ဒပြသူများ ပတ်ပတ်လည်ရှိ အဆောက်အအုံများ၌ နေရာယူထားသော လုံခြုံရေး တပ်ဖွဲ့ဝင်များမှ တပ်ဖွဲ့ဝင် တစ်ဦး၏ အနောက်ဘက်မှ ပစ်ခတ်မှုကြောင့် ရင်ဘတ်ကျည်သင့်၍ သေဆုံးခဲ့သည်။

၂၇။ နေရာအတော်များများတွင် ဆန္ဒပြသူများသည် ဆန္ဒပြပွဲနေရာ၌ အဖမ်းခံရခြင်း ရှိသလို အချို့မှာ ဆန္ဒပြပြီးနောက် နေအိမ်များတွင် ဝင်ရောက်ရှာဖွေ၊ ဖမ်းဆီးခံရခြင်း ဖြစ်သည်။ အဖြစ်အပျက် ၂ ခုတွင် ၁ ခုမှာ ဆန္ဒပြသူအား ဖမ်းဆီးပြီးနောက် များမကြာခင် လူမဆန်စွာ နှိပ်စက်ခြင်းမျိုး ရှိသလို နောက်အဖြစ်အပျက် ၁ ခုမှာ ဖမ်းဆီးချုပ်နှောင်ထားစဉ် လူမဆန်စွာ နှိပ်စက်ခြင်း ခံရသည်။ မတ်လ ၂၇ ရက်နေ့တွင် ဖမ်းဆီးခံရသူ ၂ ဦးသည် ထိန်းသိမ်း ချုပ်နှောင်ခံထားရစဉ် သေဆုံးခဲ့သည်။

၂၈။ မိသားစုပေါင်းများဖြင့် အင်တာဗျူး မေးမြန်းချက် အရ ရဲတပ်ဖွဲ့သည် တပ်မတော်နေ့ ဆန္ဒပြပွဲများနှင့် ဆက်စပ်၍ ကွယ်လွန်သွားသူတို့၏ အသုဘ အခမ်းအနားအား နှောင့်ယှက်ခဲ့သည်ဟု ဆိုသည်။ အဖြစ်အပျက် တစ်ခုတွင် အာဏာပိုင်များသည် မိသားစုဝင်၏ ရုပ်အလောင်းကို မိသားစု၏ သဘောတူညီချက် မပါဘဲ မီးသင်္ဂြိုလ်ခဲ့သည်များ ရှိသလို အချို့မှာ မိသားစုဝင်များက ကွန်လွန်သွားသည်ကိုပင် မသိလိုက်ဘဲ မီးသင်္ဂြိုလ်ခဲ့ခြင်းမျိုးလည်း ရှိသည်။ နောက်အဖြစ်အပျက်တွင်မူ ရဲတပ်ဖွဲ့ဝင်များသည် အသတ်ခံရသော သူ၏ ဆွေမျိုးအိမ်အတွင်း ကွယ်လွန်သူ၏ ရုပ်အလောင်းကို ရှာဖွေရန် ဝင်ရောက်လာခဲ့ပြီး ယင်းနောက်တွင် ထိုအလောင်း ထားရှိသည်ဟု ယူဆရသော လူနာတင်ယာဉ် တစ်ဦးနောက် လိုက်လံရှာဖွေခဲ့ပြန်သည်။ တတိယ အဖြစ်အပျက်တစ်ခုတွင် ရဲတပ်ဖွဲ့ဝင်များက မြေမြုပ်ထားပြီ ဖြစ်သော ကလေးတစ်ဦး၏ အလောင်းကို မီးရှို့ပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ အင်တာဗျူးဖြေကြားသူ တစ်ဦး၏ ပြောကြားချက် အရ ၎င်း၏ မိသားစုဝင်အား အသုဘချစဉ် နှောင့်ယှက်ခြင်း မခံရစေရန် အလွန်အမင်း ကြိုးစားခဲ့ရကြောင်း ဆိုသည်။ မိသားစုဝင်များသည် တားဆီးစစ်ဆေးခြင်း မခံရရန် လမ်းမကြီး မဟုတ်သည့် လမ်းကို ရွေး၍ ကျေးရွာတစ်ရွာသို့ သွားကာ ရုပ်အလောင်းအား မြေချရန် စီစဉ်ခဲ့သော်လည်း ရွာပြင်ပမှ အခြားသူများ၏ ရုပ်အလောင်းကို ရွာအတွင်း၌ မြုပ်နှံခွင့် မပြုရန် လုံခြုံရေး တပ်ဖွဲ့ဝင်များက ရွာသားများအား အမိန့်ပေးထားခြင်းကြောင့် ရွာသားများသည် မိသားစုဝင်တို့အား ရုပ်အလောင်း မြေချမြုပ်နှံခွင့် မပြုခဲ့ပေ။ အဆုံးတွင် မိသားစုဝင်များသည် ၎င်းတို့၏ ဆွေမျိုး ရုပ်အလောင်းကို အိမ်နှင့် ဝေးလံသော နေရာ၌ မြုပ်နှံခွင့် ရခဲ့သည်။ နာရေးအတွက် ဝမ်းနည်းကြေကွဲနေပြီး ဖြစ်သော မိသားစုဝင်များသည် အာဏာပိုင်များ၏ ဖိနှိပ်ချုပ်ချယ်မှုကြောင့် ပိုမိုကြီးလေးသော နာကျင်မှု၊ ဒုက္ခဝေဒနာ ခံစားကြရသလို အဖြစ်အပျက်

တစ်ခုတွင်မူ ကွယ်လွန်သူ၏ ဆွေမျိုးများထံ ထောက်လှမ်းရေး အဖွဲ့ဝင်များက ရံဖန်ရံခါ လာရောက်တွေ့ဆုံခြင်းကြောင့် ဆွေမျိုးများ ပုန်းရှောင်နေရသည့် အခြေအနေများ ရှိခဲ့သည်။

၂၉။ သက်သေ အချက်အလက်များ အရ ဆန္ဒပြပွဲများအား ဖြိုခွင်းရန်နှင့် အတိုက်အခံများအား ချေမှုန်းရန် မတိုင်ခင်ရက်ပိုင်း၌ သတိပေးချက်များ ထုတ်ပြန်ခြင်း၊ အသုံးပြုခဲ့သည့် နည်းဗျူဟာများ၊ သေဆုံးမှု အရေအတွက် မြင့်မားခြင်းနှင့် နိုင်ငံအဝှမ်း ဖြိုခွင်းမှုများအား ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခြင်း အစရှိသည့် မဟာဗျူဟာမြောက်၊ အစီအစဉ်တကျ ရေးဆွဲထားသော စစ်ဆင်ရေး တစ်ခုအား ဖော်ဆောင်၍ သေစေလောက်သော အင်အားသုံးမှုများ ရှိကြောင်း စိုးရိမ်စဖွယ် တွေ့ရပါသည်။




တပ်မတော်နေ့ ဖြိုခွင်းမှုပြ - မြန်မာနိုင်ငံ မြေပုံ

*တပ်မတော်နေ့၌ လုံခြုံရေး တပ်ဖွဲ့ဝင်များက ဆန္ဒပြပွဲများအား အကြမ်းဖက် ဖြိုခွင်းမှုကို မြို့များ၊ မြို့နယ်များ အလိုက် ဤမြေပုံဖြင့် ဖော်ပြထားပါသည်။*

## ယ။ ပဲခူးမြို့ (၉ ဧပြီလ ၂၀၂၁ ခုနှစ်)

၃၀။ (ပဲခူးတိုင်း)၊ ပဲခူးမြို့တွင် ဖေဖဝါရီလ ၈ ရက်နေ့မှ စတင်၍ ဆန္ဒပြပွဲများ နေ့စဉ် ရှိခဲ့ကာ ဆန္ဒပြပွဲများသည် ကနဦး၌ မြို့လမ်းမကြီး အနီးရှိ ရွှေမော်ဓော ဘုရား အနီးတွင် ဗဟိုပြုခဲ့သည်။ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ထိုသို့သော ဆန္ဒပြပွဲများအား အကြမ်းဖက် ဖြိုခွင်းခဲ့ကာ ဆန္ဒပြသူများကိုလည်း ဖမ်းဆီးခဲ့သည်။ ရလဒ်အားဖြင့် ဆန္ဒပြပွဲများသည် လမ်းမထက်မှ လမ်းကြားလမ်းငယ်များ အတွင်း ပြောင်းရွှေ့စုဝေးလာကာ ဆန္ဒပြသူများသည် လမ်းကြားများကို သဲအိတ်များဖြင့် အဓိက ပိတ်ဆို့ခဲ့သည်။ ဆန္ဒပြသူများသည် ပဲခူးမြို့၏ လမ်းမကြီး ၃ ခုအနီးအနားရှိ ရပ်ကွက်များ သို့မဟုတ် ကျေးရွာအုပ်စုများ အတွင်း လမ်းကြားများအား ပိတ်ဆို့ခဲ့သည်။[5] ၎င်းတို့မှ လမ်းမကြီး တစ်ခုမှာ ရွှေမော်ဓော ဘုရား တောင်ဘက်မုဒ်မှ အစပြုသော ဆံတော်သွင် လမ်းမကြီး ဖြစ်သည်။ ထိုလမ်းမကြီးနှင့် တပြေးတည်ဖြစ်သော လမ်းမှာ မဂဒီ လမ်း ဖြစ်ကာ ၎င်းသည် ရှင်စောပု ရပ်ကွက်နှင့် မော်ကန် ရပ်ကွက်များကို ဖြတ်သွားသည့် လမ်းဖြစ်သည်။ (အောက်ဖော်ပြပါ မြေပုံအား ကြည့်ပါ။)

၃၁။ ဆန္ဒပြပွဲများ စတင်သည့် အချိန်ကတည်းက ကျောင်းသားဟောင်းများသည် (CDM) လှုပ်ရှားမှုတွင် ပါဝင်သူများနှင့် အခြားသူများဖြင့် အာဏာသိမ်းမှု ဆန့်ကျင် ဆန္ဒပြပွဲများအား ပဲခူးတွင် စီစဉ် ဆောင်ရွက်ခဲ့သည်။ စစ်အာဏာရှင် ဆန့်ကျင်သူ လှုပ်ရှားတက်ကြွသူများနှင့် ဆန္ဒပြပွဲ ဦးဆောင်သူများအား အဝေးမှ သေနတ်ဖြင့် ပစ်ခတ်ခြင်းနှင့် သံသယ ရှိသလို ဖမ်းဆီးမှုများ ရှိပါသော်လည်း လမ်းပေါ်တွင် ဆန္ဒပြပွဲများ စီစဉ်ဆောင်ရွက်ရင်း ဆန္ဒပြပွဲများသည် နေ့နေ့ညည စဉ်ဆက်မပြတ် ရှိခဲ့သည်။ ညပိုင်းတွင်မူ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ဆန္ဒပြသူများအား လိုက်လံ ဖမ်းဆီးရန် ပိုမို ခက်ခဲသည့် အတွက်ကြောင့် ဆန္ဒပြပွဲ ပါဝင်သူ အရေအတွက်သည် ပိုမို များပြားလေ့ရှိခဲ့သည်။ ဆန္ဒပြသူများသည် လူစုလူဝေးဖြင့် ဆန္ဒပြရာ၌ ဆောင်ပုဒ်များ ရေရွတ်ခြင်း၊ မိန့်ခွန်းပြောကြားခြင်းတို့ ပြုလုပ်လေ့ရှိသည်။ လမ်းတွင် လုံခြုံရေး တပ်ဖွဲ့ဝင်များ ရောက်လာခြင်း ရှိမရှိ စောင့်ကြည့်ရန် အချို့ဆန္ဒပြသူများအား တာဝန်ပေးသလို အချို့လူများအား လမ်းပိတ်ဆို့ဖို့ တာဝန်ပေးထားသည်။

၃၂။ ဆန္ဒပြ ခေါင်းဆောင် အချို့သည် အနီးအနားရှိ ရပ်ကွက်၏ နေရာအနှံ့အပြားတွင် နေရာယူထားကြကာ စာသင်ကျောင်းတစ်ခုနှင့် ဆင်ဖြူရှင် ၁၄ လမ်း၌ အကာအကွယ် ကြီးကြီးမားမား ပြုလုပ်ထားသည်။ တစ်ချိန်တည်းမှာပင် လုံခြုံရေး တပ်ဖွဲ့ဝင်များသည် (ဆန္ဒပြသူများ၏ မဂဒီလမ်းရှိ ပင်မ အကာအရံနှင့် မီတာ ၈၀၀ - ၉၀၀ ခန့်ကွာဝေးသော နေရာရှိ) ဆံတော်သွင် ဘုန်းကြီးကျောင်း၌ အခြေချ စခန်းထိုင်ခဲ့သည်။ ထိုဘုန်းကြီးကျောင်းဝင်း၏ သစ်ပင်ထိပ်ပိုင်းများတွင် စနိုက်ပါ သမားများကိုလည်း နေ့စဉ် မြင်တွေ့ခဲ့ရသည်။ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ရွှေမော်ဓောဘုရား တောင်ဘက်မုဒ်တွင် နေရာယူထားကြသလို မဂဒီလမ်းရှိ ဆန္ဒပြသူများ၏ ပင်မ အကာအရံ အတားအဆီးမှ မီတာ ၇၀၀ - ၈၀၀ ခန့် ဝေးသော ပဲခူးမြစ်အနီးမှ ဆံတော်သွင် ဘုန်းကြီးကျောင်း၏ ဆန့်ကျင်ဘက်ရှိ ရဲစခန်းတစ်ခု တွင်လည်း နေရာယူထားသည်။ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ရဲစခန်းနှင့် မလှမ်းမကမ်းရှိ ပန်းလှိုင် ဘုန်းကြီးကျောင်းတွင်လည်း နေရာယူထားကြောင်း ပြောဆိုကြသည်။ စစ်သားများသည် မဂဒီ လမ်းအနီးအနားရှိ ရပ်ကွက်ပတ်ဝန်းကျင်၌ ပုံမှန်ကင်းလှည့်နေကြောင်း ပြောဆိုမှုများ ရှိသည်။

၃၃။ ဧပြီလ၊ ၈ ရက်နေ့ ညနေပိုင်းတွင် ဆန္ဒပြခေါင်းဆောင်များသည် နောက်တစ်နေ့၌ ဖြိုခွင်းခံရနိုင်ချေ ရှိကြောင်းနှင့် ယခင် ဆန္ဒပြပွဲများအား ဖြိုခွင်းခဲ့သကဲ့သို့ ကျည်အစစ်များအား အသုံးပြုနိုင်ကြောင်း သတိပေးနှိုးဆော်ခံထားရသည်။ လမ်းပိတ်ရာတွင် သဲအိတ်များဖြင့်

[5] 'ရပ်ကွက်' ဟူသည်မှာ မြန်မာနိုင်ငံ မြို့နယ်အဆင့်ရှိ မြို့ကြီး၊ မြို့ငယ်များ အောက်တွင် ရှိသော အဆင့် ၄ ခုမြောက် အုပ်ချုပ်ရေး နယ်မြေ တစ်ခု ဖြစ်သည်။

အကာအရံ ယူထားသည် သာမက အချို့ ဆန္ဒပြသူများမှာ လက်လုပ် ဒိုင်းအကာများ၊ ဆိုင်ကယ်နှင့် ဆောက်လုပ်ရေးသုံး ဦးထုပ်များ ကဲ့သို့ အကာအရံ ပစ္စည်းများအပေါ် အားထားခဲ့ကြသည်။ အချို့မှာမူ လောက်လွှဲ၊ လေးခွ၊ မိုလိုတော့ မီးလောင်ဗုံးနှင့် လေသေနတ်များ ကဲ့သို့ လက်လုပ်လက်နက်များကိုလည်း မိမိကိုယ်ကို ကာကွယ်မည့် ပစ္စည်းများ အဖြစ် ကိုင်ဆောင်ထားကြသည်။

၃၄။ ဧပြီလ ၉ ရက်နေ့၊ နံနက် ၄ နာရီတွင် ဆန္ဒပြသူများသည် စစ်တပ်များ ဝင်လာလျှင် ခုခံဖို့ ပြင်ဆင်မှုများအား စတင်ခဲ့သော်လည်း ၎င်းတို့သည် ပြင်ဆင်မှုများနှင့် အကာအရံ ပြုလုပ်ခြင်းများအား အပြီးသတ် မလုပ်ဆောင်နိုင်တော့ပေ။ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် အနီးအနား ပတ်ဝန်းကျင်နေရာရှိ လမ်းအကာအရံများ အားလုံးကို ဝိုင်းထားလိုက်ပြီး ဒရုန်းဖြင့် စောင့်ကြည့်မှု ရယူကာ နံနက် ၅ နာရီ ဝန်းကျင်တွင် လမ်းအကာအရံများ အပေါ် အမြောက်လက်နက်များဖြင့် စတင် ပစ်ခတ်လေသည်။ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ဒုံးကျည် လက်နက်ကြီးများနှင့် အဝေးပစ် အမြောက်များအား အသုံးပြုပစ်ခတ်၍ လမ်းအကာအရံများအား ဖျက်ဆီးပစ်ကာ ရပ်ကွက်နေ လူဦးရေ အလွန် ထူထပ်သော နေရာအတွင်း လက်နက်ကြီးများ ပစ်ခတ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများကို လုံးဝ ဂရုမပြုခဲ့ပေ။ ဆန္ဒပြသူများနှင့် ရပ်ကွက်နေ ပြည်သူများသည် လက်နက်ကြီး ဗုံးဆံများမှ အစများကြောင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြကာ အချို့မှာ သေလောက်အောင် ပြင်းထန်စွာ ဒဏ်ရာရခဲ့ကြသည်။ အဖြစ်အပျက် တစ်ခုတွင် လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ဆံတော်သွင် လမ်းမထက်၌ မော်တော်ဆိုင်ကယ်ဖြင့် တင်ဆောင်လာသော ဒဏ်ရာ ရရှိပြီးသား ဆန္ဒပြသူ တစ်ဦးအား ပစ်သတ်ခဲ့သည်ဟု ဆိုသည်။

၃၅။ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် မဂဒီလမ်းနှင့် ဆံတော်သွင် လမ်းပေါ်ရှိ ဆန္ဒပြသူများ၏ အကာအရံများအား ဖောက်ထွက်လာနေစဉ်တွင် ရပ်ကွက်လမ်းကြားများ အတွင်း ထွက်ပြေးနေသော ဆန္ဒပြသူများနောက် လိုက်ခဲ့ကာ လူနေအိမ်များနှင့် ခြံဝင်းများ အတွင်း လိုက်လံရှာဖွေခဲ့သည်။ ဆန္ဒပြပွဲတွင် ပါဝင်ခြင်း မရှိသလို လက်နက်ကိုင်ဆောင်ထားခြင်း မရှိသည့် လူတစ်ဦးကိုလည်း ခြံဝင်းတစ်ခု အတွင်း၌ အကြောင်းမဲ့ ပစ်သတ်သွားခဲ့သည်။ သတင်းရင်းမြစ်များ အရ ထိုအသတ်ခံရသူ၏ အဝတ်အစားသည် ဆန္ဒပြ ကျောင်းသားများ၏ အဝတ်အစားနှင့် ဆင်တူဖြစ်သောကြောင့်ဟု ဆိုကြသည်။ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ထိုသူအား သတိပေးခြင်း မရှိသလို ဖမ်းဆီးရန် ကြိုးပမ်းခြင်းပင် မရှိဘဲ ပစ်သတ်ခဲ့ခြင်း ဖြစ်သည်။ စစ်သားများသည် ထိုသူအား ပစ်သတ်ပြီးနောက် အိမ်အတွင်းရှိ လူများအား အိမ်အပြင်ထွက်လာလျှင် ပစ်သတ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် သေဆုံးသူများနှင့် ဒဏ်ရာရသူများအား (ဇေယျ မုနိဘုရားဟု သိကြသော) ရှင်စောပု ဘုရားဝင်း အတွင်း စုပုံထားခဲ့ကြသည်ဟု ဆိုကြသည်။ သံဃာတော်များနှင့် ဒေသခံ ကျန်းမာရေး အဖွဲ့ဝင်များက စစ်တပ်အာဏာပိုင်များထံ ချဉ်းကပ်၍ ဒဏ်ရာရသူများအား ဆေးကုသခွင့်ပေးဖို့ ခွင့်တောင်းခဲ့သော်လည်း ဘုရားစေတီဝင်းသို့ ဝင်ခွင့်မရခဲ့ကြပေ။

၃၆။ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ဧပြီလ ၉ ရက်နေ့၌ ပဲခူးမြို့အတွင်း အနည်းဆုံး လူ ၈၂ ဦးအား သတ်ဖြတ်ခဲ့ကြောင်း ဆိုကြသည်။ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် အကာအရံများအား ဖျက်ဆီးခြင်းနှင့် စစ်အာဏာရှင် ဆန့်ကျင်ရေး တက်ကြွလှုပ်ရှားသူများနှင့် ဆန္ဒပြသူများဟု ယူဆရသူများအား လိုက်လံဖမ်းဆီးခြင်းများ ဆောင်ရွက်ရာတွင် အရပ်သား ထိခိုက်မည်ကို မငဲ့သည့် နည်းလမ်းအားဖြင့် ဆောင်ရွက်ခဲ့သည် ဖြစ်ရာ အမှန်တကယ် သေဆုံးသည့် အရေအတွက်မှာ လွန်စွာ မြင့်မားနိုင်ပါသည်။


၃၇။ အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းအရ ဥပဒေ စိုးမိုးရေး အဖွဲ့ဝင်များသည် တရားဘောင်ဝင်မှု ရှိခြင်း၊ အမှုဖွင့်အရေးယူခြင်း၊ လိုအပ်ချက်အရ လုပ်ဆောင်ရခြင်း၊ အချိုးကျမှု ရှိခြင်း၊ ခွဲခြားဆက်ဆံမှု မရှိခြင်းနှင့် တာဝန်ခံမှု ရှိခြင်း အစရှိသည့် အခြေခံမှုများအား မဖြစ်မနေ

လေးစားလိုက်နာရပါမည်။[6] သေစေလောက်သော အင်အားကို ရည်ရွယ်ချက်ရှိရှိ အသုံးချမှုသည် လူ့အသက်ကို ကယ်တင်ရန် ရှောင်လွှဲ၍ မရသည့် အခြေအနေ၌သာ တရားဘောင်ဝင်ပြီး[7] ငြိမ်းချမ်းစွာ ဆန္ဒပြစုဝေးနေမှုအား လက်နက်များဖြင့် ပစ်ခတ်နှိမ်နင်းခြင်းသည် တရားဥပဒေနှင့် ညီညွတ်ခြင်း မရှိပေ။ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ပဲခူး၌ လမ်းအကာအရံများအား ဖယ်ရှားပြီး ဆန္ဒပြပွဲများ ဆက်မလုပ်နိုင်ရန် ဖြိုခွင်းဖို့ ကြိုးပမ်းရာတွင် အသုံးချသည့် နည်းလမ်းများမှာ အင်အားမမျှ အချိုးကျမှု မရှိသလို လူနေထူထပ်သော နေရာများ၌ သေကြေဒဏ်ရာရနိုင်ချေ အလွန်မြင့်မားစေခဲ့ပါသည်။ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် လက်နက်မဲ့ ဆန္ဒပြသူများအား လိုက်လံဖမ်းဆီးရာတွင်လည်း ဒဏ်ရာရနိုင်ချေ သို့မဟုတ် သေဆုံးနိုင်ချေ ရှိမှုအား ရှောင်ရှားရန် သို့မဟုတ် လျှော့ချရန် လိုအပ်သော သတိပြုရမည့် ခြေလှမ်းအဆင့်များကို လိုက်နာခြင်း မရှိဘဲ လက်နက်များ အသုံးပြု ပစ်ခတ်ခဲ့ပါသည်။ လက်တွေ့အခြေအနေတွင် လုံခြုံရေး တပ်ဖွဲ့ဝင်များသည် လူအများထိခိုက်မည်ကို ဂရုမပြုဘဲ ရည်ရွယ်ချက်ရှိရှိ ချိန်ရွယ်ပစ်ခတ်ခဲ့ပြီး ရလဒ်အားဖြင့် အာဏာသိမ်းသည့်ဖေဖဝါရီလ ၁ ရက်နေ့ တပ်မတော် နောက်ပိုင်း တစ်ရက်အတွင်း တစ်နေရာတည်းတွင် သေဆုံးမှု အရေအတွက် အမြင့်ဆုံး ဖြစ်ခဲ့ပါသည်။

၃၈။ မိသားစုဝင်များနှင့် ဆွေမျိုးများက ၎င်းတို့ ချစ်မြတ်နိုးရသော အိမ်သား၏ ရုပ်အလောင်းကို လိုလားတောင်းခံလာလျှင် လုံခြုံရေး တပ်ဖွဲ့ဝင်များက ၎င်းတို့အား ခြိမ်းခြောက်ပြောဆိုမှု ရှိသည်ဟု ဆိုပါသည်။ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် မိသားစုမှ ရုပ်အလောင်းကို ပြန်လိုချင်လျှင် သေမှုသေခင်းနှင့် ပတ်သက်၍ လုံခြုံရေး တပ်ဖွဲ့ဝင်များ တာဝန်ခံဖို့ မလိုဘဲ ကျေအေးခွင့်လွှတ်ကြောင်း စာရွက်ပေါ်တွင် အသိအမှတ်ပြု လက်မှတ်ထိုးဖို့ တောင်းဆိုပါသည်။ စည်ပင်သာယာ ဥပဒေအရဟု ဆိုကာ စစ်တပ်အရာရှိများသည် "တော်လှန်ရေး သူရဲကောင်းများ" အဖြစ် သတ်မှတ်ကာ ကျဆုံးသူများအား အစုအဝေးဖြင့် အသုဘချခြင်းကို တားမြစ်ပြီး ထိုသို့ အသုဘချသည့် မိသားစုဝင်များအား ရုပ်အလောင်းကို မီးရှို့သင်္ဂြိုလ်ရန်နှင့် သီးခြားခွဲ၍ မြေချမြှုပ်နှံရန် ညွှန်ကြားခဲ့သည်။ ထိုညွှန်ကြားချက်အား ကွယ်လွန်သူ၏ မိသားစုဝင်များက မလိုက်နာလျှင် စစ်တပ် အာဏာပိုင်များ၏ ညွှန်ကြားချက် အရ စစ်သားများ ထရပ်ကား အပြည့်ဖြင့် သုသာန်သို့ ရောက်လာကာ မြှုပ်နှံထားသည့် ရုပ်အလောင်းများအား ပြန်လည် တူးဖော်ကာ အခြား နေရာတွင် ပြန်လည်မြေမြှုပ်ခြင်းများ ပြုသည်ဟု ဆိုကြသည်။

[6] လူ့အခွင့်အရေး ကော်မတီ၊ မှတ်ချက် ၃၇၊ အပိုဒ် ၇၈။

[7] ဥပဒေ စိုးမိုးရေး အရာရှိများ အနေဖြင့် လက်နက်ကိုင်ဆောင်မှုနှင့် အင်အားသုံးခြင်း ဆိုင်ရာ အခြေခံမူများ


UNITED NATIONS
HUMAN RIGHTS
OFFICE OF THE HIGH COMMISSIONER
Bago, Myanmar: Main locations of 9 April 2021 incident
OHCHR Myanmar
July 2021
Shwe Maw Daw Pagoda
Previous focal point of protests and peaceful assemblies
Pagoda Road
Thanatpin Road
Police station
Main protest site
Nantawkone 1 Street
Security station
Southern gate of Shwe Maw Daw Pagoda
San Daw Twin Road
San Daw Twin Monastery
Occupied by security forces
Pan Hlaing Monastery
Occupied by security forces
Kannar street
Pon Nar Su Road
Hmaw Kan 7th Street
Ma Ga Dit Road
Shin Saw Pu Pagoda
Location where security forces allegedly piled up bodies of those injured and fatally wounded
Barricade 1
Barricade 2
Barricade 3
Barricade 4
Barricade 5
Barricade 6
BAGO (EAST)
San Taw Twin street
MYANMAR
Naypyidaw
Vientiane
Bangkok
Bay of Bengal
LEGEND
Main protest site
Pagodas/Monasteries
Security forces
Barricade
General protest area
Series of roadblocks
The names shown and designations used on this map do not imply official endorsement or acceptance of the United Nations.
0
0.25
0.5 km
96°28'12.000"E
96°28'30.000"E
96°28'48.000"E
96°29'6.000"E
96°29'24.000"E
96°29'42.000"E
96°30'0.000"E
96°30'18.000"E
17°20'6.000"N
17°19'48.000"N
17°19'30.000"N
17°19'12.000"N
Created: 15 July 2021 Authors: OHCHR Myanmar, IMDA/ERS/ OHCHR Sources: OHCHR Myanmar, OCHA, open sources Contact: imsupport@ohchr.org

## ၅။ လက်နက်ကိုင် ခုခံတော်လှန်ခြင်းနှင့် လက်နက်ကိုင် ပဋိပက္ခ

၃၉။ တပ်မတော်သည် ငြိမ်းချမ်းစွာ ဆန္ဒပြနေသူများ အပေါ် သေစေလောက်သော အင်အားသုံးဖြိုခွင်းမှု ဆက်လက် ဆောင်ရွက်နေသည့် အချိန်မှာပင် လက်နက်ကိုင် ပဋိပက္ခ ဒဏ်ခံနေရသော နေရာများ၌ အရပ်သားများနှင့် အရပ်ဖက် အဆောက်အအုံများအပေါ် တပ်မတော်က တိုက်ရိုက် ဦးတည် တိုက်ခိုက်မှုများ စဉ်ဆက်မပြတ် ကျူးလွန်နေခဲ့သည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် လေကြောင်းတိုက်ခိုက်မှုများ ရှိနေပြီး ထိုသို့ လေကြောင်းမှ ပစ်ခတ်ရာတွင် အရပ်ဖက်၊ စစ်ဖက် ပစ်မှတ် ခွဲခြားခြင်း မရှိဘဲ ပစ်ခတ် တိုက်ခိုက်ခဲ့ကာ ၎င်းသည် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ဥပဒေ၏ အခြေခံမှုများအား ချိုးဖောက်ရာ ရောက်ပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်များစွာက နယ်စပ်ဒေသရှိ တိုင်းရင်းသား လူနည်းစုများ အပေါ် ဦးတည်တိုက်ခိုက်သည့် တပ်မတော် စစ်ဆင်ရေးများတွင်လည်း အလားတူ ပုံစံများဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ရှိခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ဥပဒေ အရ လက်နက်ကိုင် ပဋိပက္ခနှင့် ဆက်နွယ်သော အဖွဲ့အစည်းတိုင်းသည် အရပ်သားနှင့် အရပ်ဖက် အဆောက်အအုံများအား ဘေးမဲ့ပေးရန်နှင့် အရပ်သား အသက်ဆုံးရှုံးမှုနှင့် အရပ်ဖက် အဆောက်အအုံများ ထိခိုက်ပျက်စီးမှုအား ရှောင်ရှားရန်နှင့် လျော့ကျစေရန် ပြင်ဆင်မှုများ အားလုံး ဆောင်ရွက်ရပါမည်။ အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် လက်နက်ကိုင် ပဋိပက္ခများ သိသိသာသာ မြင့်မားလာခဲ့သလို ထောင်ပေါင်းများစွာသော ပြည်သူများ နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရကာ ၎င်းတို့၏ အစာရေစာ ရရှိမှု၊ အသက်မွေးဝမ်းကြောင်း၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ပညာသင်ကြားခွင့်၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာ အခွင့်အရေးများ ရရှိရေးတို့တွင် ဆိုးဝါးစွာ သက်ရောက်မှုရှိခဲ့ပါသည်။ ဆယ်စုနှစ် ၂ ခုကျော်ကြာအောင် ဖြစ်ပွားခဲ့သော လေကြောင်းတိုက်ခိုက်မှုမျိုးသည် ကရင်ပြည်နယ်၌ မတ်လ ၂၇ ရက်၊ တပ်မတော်နေ့တွင် ပစ်ခတ်မှု ရှိခဲ့ကာ ထိုနေ့သည် နိုင်ငံအဝှမ်းရှိ ပြည်နယ်နှင့် တိုင်းများ၌ ဆန္ဒပြသူ သေဆုံးမှု အရေအတွက် အမြင့်ဆုံး ရှိခဲ့သော နေ့လည်း ဖြစ်ပါသည်။ ထိုအဖြစ်အပျက်များနှင့် ဆက်စပ်သော အချက်အလက်များသည် ကရင်ပြည်နယ် အတွင်း ကရင်တိုင်းရင်းသား လူမျိုးစု၏ အခြေအနေအား ပိုမို စုံစမ်းလေ့လာဖို့ မြန်မာနိုင်ငံ ဆိုင်ရာ သီးခြားလွတ်လပ်သော အပြည်ပြည်ဆိုင်ရာ အချက်အလက် ရှာဖွေရေး လုပ်ငန်းအဖွဲ့ (IIMM) ၏ အကြံပြုချက် အပေါ် ပံ့ပိုးပေးနိုင်ပါသည်။[8]

### က။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ လေကြောင်းတိုက်ခိုက်မှုများ

၄၀။ ကရင်ပြည်နယ်၊ ဖာပွန်ခရိုင် အတွင်းရှိ ကရင် အမျိုးသား အစည်းအရုံး (KNU) ၏ လက်နက်ကိုင် တပ်ဖြစ်သော ကရင် အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA) တပ်မ ၅ က တပ်မတော်၏ သီးမူထာ စခန်းအား တိုက်ခိုက်သိမ်းပိုက်ခံရပြီးနောက်တွင် တပ်မတော်သည် လေတပ်အင်အား အသုံးချမှုများ ရှိလာသည်။ (ကရင်ပြည်နယ်)၊ ဖာပွန်မြို့နယ်၊ ဒေပူနို ဒေသအား ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကာ ပထမ အကြိမ် လေကြောင်း တိုက်ခိုက်မှုများအား မတ်လ၊ ၂၇ ရက်နေ့၊ ည ၇ နာရီဝန်းကျင်တွင် စတင်ခဲ့ပြီး နာရီပေါင်းများစွာ ကြာအောင် လေကြောင်းမှ ပစ်ခတ်ခဲ့ကာ နောက်တစ်နေ့တွင်လည်း ထိုနေရာ၌ လေကြောင်းမှ တိုက်ခိုက်မှု ကြိမ်ဖန်များစွာ ရှိခဲ့သည်။ လေကြောင်းတိုက်ခိုက်မှု ၂ ကြိမ်တွင် (KNU/ KNLA) ဒေသန္တရ ဌာနချုပ် စခန်း အဆောက်အအုံများအား ထိခိုက်စေခဲ့သော်လည်း အခြား လေကြောင်း တိုက်ခိုက်မှုများသည်

[8] မြန်မာနိုင်ငံ ဆိုင်ရာ သီးခြားလွတ်လပ်သော အပြည်ပြည်ဆိုင်ရာ အချက်အလက် ရှာဖွေရေး လုပ်ငန်းအဖွဲ့ (IIMM) ၏ အသေးစိတ် တွေ့ရှိချက်, A/HRC/42/CRP.5, အပိုဒ် ၂၁ - ၂၂။

ဌာနချုပ် စခန်း အနီးတွင် မရှိသည့် နေအိမ်များ အပါအဝင် အရပ်ဖက် အဆောက်အအုံများစွာကို ထိခိုက်ပျက်စီးစေခဲ့ပါသည်။ မတ်လ ၂၇ ရက်နေ့တွင် ရှောင်တိမ်းခဲ့ပြီး နောက်တစ်နေ့၌ အိမ်ပြန် ထမင်းချက်စားသော အရပ်သား တစ်ဦး အပါအဝင် မတ်လ ၂၈ ရက်နေ့၊ ဒေပူနို ဒေသတွင် လေကြောင်းမှ တိုက်ခိုက်မှုများကြောင့် အရပ်သား ၄ ဦး သေဆုံးခဲ့ပါသည်။ အနည်းဆုံး လူ ၁၁ ဦးခန့် ဒဏ်ရာရခဲ့သည်။ ဒေပူနိုသည် ထိုဒေသ၌ စာသင်ကျောင်း ရှိသည့် နေရာဖြစ်ကာ ပတ်ဝန်းကျင် ဒေသမှ ကျောင်းသားများက ထိုရွာ၌ လာနေကာ ပညာသင်ကြားရသည့် နေရာလည်း ဖြစ်သည်။ ထိုကျောင်းသားများ အားလုံးသည် လေကြောင်း တိုက်ခိုက်မှုကြောင်း ထွက်ပြေးတိမ်းရှောင်သွားကြသည်။ ထို့အပြင် ဒေပူနို ရွာရှိ အထက်တန်း ကျောင်း အမှတ် (၁) မှာလည်း လေကြောင်း တိုက်ခိုက်မှုကြောင့် ဆိုးဆိုးရွားရွား ပျက်ဆီးခဲ့သည်။ ၎င်းသည် ၂၀၁၇ ခုနှစ်တွင် အသစ်ဆောက်ထားသော စာသင်ကျောင်း ဖြစ်ကာ (KNU/ KNLA) စခန်းမှ မိနစ် ၃၀ ခန့် လမ်းလျှောက်သွားရသည့် အကွာအဝေးတွင် ရှိသည်။ အင်တာဗျူး ဖြေကြားသူ၏ ပြောကြားချက် အရ ထိုအဆောက်အအုံသည် "စာသင်ကျောင်း ဖြစ်တယ်ဆိုတာ ရှင်းရှင်းလင်းလင်း မြင်နိုင်ပြီး သူတို့ အနေနဲ့ အဲဒီနေရာမှာ စာသင်ကျောင်း ရှိတယ်ဆိုတာ သိကိုသိရမယ်"ဟု ဆိုခဲ့သည်။ (စာသင်ကျောင်း ထိခိုက်မှု ဆိုင်ရာ ဂြိုလ်တု ဓာတ်ပုံအား အောက်တွင် ဖော်ပြထားပါသည်။)

၄၁။ မတ်လ ၂၈ ရက်နေ့တွင် ပေါ်ကာဒါ၊ လေးသာခိုနှင့် ဟိုကေ ကျေးရွာများ၊ မတ်လ ၂၉ ရက်နေ့တွင် ထိုထီးပါခိုနှင့် လာထိုးပိုး ကျေးရွာများ၊ မတ်လ ၃၀ ရက်နေ့တွင် မယ်ကော်လောနှင့် ခေါ်ပိုးကြည် ကျေးရွာများ အပါအဝင် အခြားနေရာများအား ဖာပွန်မြို့နယ် အတွင်း လေကြောင်း တိုက်ခိုက်မှုများ ရှိခဲ့ပါသည်။ မတ်လ ၃၀ ရက်နေ့တွင် (ပဲခူးတိုင်း) ညောင်လေးပင် မြို့နယ်ရှိ ရွှေတွင်းတစ်ခုကို ပစ်မှတ်ထား၍ လေကြောင်းမှ တိုက်ခိုက်ခဲ့ပါသည်။ ထိုတိုက်ခိုက်မှုကြောင့် အနည်းဆုံး အရပ်သား ၁၂ ဦး သေဆုံးခဲ့ကာ ကလေးငယ် အပါအဝင် ၁၇ ဦး ဒဏ်ရာရခဲ့ပြီး လာထိုပိုး ကျေးရွာရှိ ဒေါ်ခိုထ အမှတ် ၃ အထက်တန်းကျောင်းလည်း ပျက်စီးခဲ့သည်။ ထိုသို့ လေကြောင်းမှ တိုက်ခိုက်မှုများသည် ထိုကျေးရွာများအတွင်းရှိ စပါးကျီများနှင့် စိုက်ပျိုးမွေးမြူရေးသုံး ကိရိယာများ အပါအဝင် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများကိုလည်း ပျက်စီးထိခိုက်မှု ရှိခဲ့သည်။

၄၂။ ထိုသို့ လေကြောင်းတိုက်ခိုက်မှုများအား ညအချိန်တွင်လည်း ပြုလုပ်ရာ ရွာသားများမှာ ခက်ခက်ခဲခဲ ထွက်ပြေးခဲ့ရသည်။ အင်တာဗျူး ဖြေကြားမှု တစ်ခုတွင် သူနှင့် ကလေးငယ်များ ပါဝင်သော မိသားစုတို့သည် ဒေပူနို ရွာမှ ထွက်ပြေးခဲ့ရပြီးနောက် ၂ ရက်တိုင်တိုင် တောထဲတွင် အကာအရံ မရှိဘဲ ခိုလှုံခဲ့ရကြောင်း ပြောပြသည်။ ရွာသားများသည် အလျင်စလို ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ၎င်းတို့နှင့် အတူ ရိက္ခာပစ္စည်းများ ယူဆောင်နိုင်ခြင်း မရှိခဲ့ပေ။ အချို့ရွာသားများသည် ရက်ပေါင်းများစွာ အစားမစားဘဲ နေခဲ့ရသလို အချို့မှာ ပတ်ဝန်းကျင် ရွာမှ ဆန်အနည်းငယ်ကို ဝယ်ယူချက်စားခဲ့ရသည်။ ဒဏ်ရာရရှိနေသော ရွာသားများမှာ ဆေးကုသမှု ရရှိရန် ခက်ခဲကြသည်။ မိသားစုများ တိမ်းရှောင်နေရပြီး စာသင်ကျောင်းများလည်း ပျက်စီးသွားသောကြောင့် ကလေးငယ်များသည် ပညာသင်ခွင့် ဆုံးရှုံးနေသည်ဟု အင်တာဗျူး ဖြေကြားသူက ပြောခဲ့သည်။ အစီရင်ခံစာများ အရ ဒုက္ခသည် စခန်းအား လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မည် ဟူသော ထင်ကြေးပေး ပြောဆိုသံများကြောင့် အိသူထ ဒုက္ခသည် စခန်းမှ နေရပ်စွန့်ခွာ တိမ်းရှောင်ရသူ (IDPs) ၃,၀၀၀ ခန့်နှင့် အနီးအနား ရွာမှ ရွာသူရွာသားများသည် ထိုင်းနိုင်ငံတွင် သွားရောက် ခိုလှုံရန် နယ်စပ်သို့ ထွက်ခွာသွားကြသော်လည်း နယ်စပ် ဖြတ်ကျော်ခွင့် မရသဖြင့် မြန်မာနိုင်ငံသို့ ပြန်လာခဲ့ရသည်။


၄၃။ နောက်ပိုင်းလများတွင် လေကြောင်းတိုက်ခိုက်မှုများ ပိုမို ရှိလာခဲ့သည်။ ဧပြီလတွင် တပ်မတော် စစ်စခန်းမှ (IDPs) များ အတွက် စားနပ်ရိက္ခာ၊ အထောက်အပံ့ သယ်ယူလာသော လှေများအား ပစ်ခတ်သည်ဟု ဆိုသည်။ ဧပြီလ ၂၇ ရက်နေ့တွင် (KNLA) သည် စစ်တပ်

စခန်းအား သိမ်းဆည်းရမိခဲ့သည်။ စခန်း သိမ်းပိုက်ပြီးနောက် ရက်များတွင် တပ်မတော်သည် လေကြောင်းမှ တိုက်ခိုက်မှုများအား ဖာပွန်မြို့နယ်ရှိ နေရာအတော်များများတွင် လုပ်ဆောင်ခဲ့ရာ (KNU/KNLA) အဆောက်အအုံများ မရှိသည့် နေရာများနှင့် (KNU) ဌာနချုပ်မှ နာရီများစွာ လျှောက်လောက်အောင် ကွာဝေးသည့် နေရာမှ ကျေးရွာများပါ ပစ်ခတ်တိုက်ခိုက်ခြင်း ခံရသည်။ ထိုသို့ တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်ရသူများ ပိုမို များပြားလာသည်။ အရပ်သားများသည် ပုန်းအောင်းနေကြပြီး ဖြစ်ရာ တိုက်ခိုက်မှုများကြောင့် ဒဏ်ရာရမှု မရှိပေ။ တပ်မတော် လေယာဉ်များသည် ထိုနေရာ၌ ဆက်လက် ပျံဝဲနေခဲ့ပြီး (IDP) များအား အကြောက်တရား စိုးမိုးခဲ့ကာ လေကြောင်းပစ်ခတ်မှုများ ပြန်လည် လုပ်ဆောင်လာမည်ကို ကြောက်ရွံ့သောကြောင့် ၎င်းတို့သည် နေရပ်ရွာ မပြန်ရဲကြပေ။ ထိုသို့တိုက်ခိုက်မှုများ၏ သက်ရောက်မှု အဖြစ် ဆယ်စုနှစ် တစ်ခုနီးပါးကြာအောင် ငြိမ်းချမ်းစွာ နေခဲ့ရသော အရပ်သား လူထု အကြားတွင် လူမှု-စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ သိသိသာသာ ရှိခဲ့ပါသည်။


UNITED NATIONS HUMAN RIGHTS OFFICE OF THE HIGH COMMISSIONER
Myanmar: School (No. 1 state High school), Day Bu Noh, Lu Thaw Township
Coordinates: 18.25522497, 97.37095556, incident date 27/28 March 2021
August 2021
Location as of 15 November 2020
Location as of 8 April 2021
Damage to the eastern face of the structure is clear as of 8 April 2021. The entire side of the stucture is missing.
Coordinate Reference System: WGS 84
Satellite data: WorldView-1, WorldView-2
Resolution: 50cm
Copyright: DigitalGlobe / MAXAR, NextView License. These images may not be published without the consent of the U.S. Department of State. Contact the IMDA unit for more information.
Sources: U.S. Department of State, Humanitarian Information Unit. Contact IMDA for more information.
0
50
100 m
Location in Kayin State
Taungoo
Oktwin
Hpasawng
Phyu
Kyaukkyi
Mese
Hpapun
Shwegyin
Daik-U
Created: 23 August 2021 Authors: OHCHR Myanmar, IMDA/ERS/ OHCHR Contact: imsupport@ohchr.org

## ခ။ တိုင်ကြားသည့် အဖြစ်အပျက်များ ပထဝီအနေအထားအရ ပြန့်နှံ့မှု

၄၄။ အာဏာမသိမ်းမီ ယခင်ကတည်းက မြန်မာနိုင်ငံအတွင်း လက်နက်ကိုင် အကြမ်းဖက် သတ်ဖြတ်မှုများသည် နယ်စပ်ဒေသ တလျှောက်တွင် အဓိက ဖြစ်ပွားနေခဲ့သည်။ အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အကြား လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားလာသလို တပ်မတော်နှင့် အသစ်ဖွဲ့စည်းလိုက်သည့် ခုခံတော်လှန်ရေး တပ်ဖွဲ့များ အကြား ထိပ်တိုက်တွေ့မှုများလည်း တိုးပွားလာသည်။ အောက်ဖော်ပြပါ မြေပုံသည် ဇူလိုင်လ ၁၅ ရက်နေ့ အထိ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အကြား ဖြစ်ပွားသည့် လက်နက်ကိုင် ပဋိပက္ခများ (အနီရောင်ဖြင့် ပြ) နှင့် အသစ်ဖွဲ့စည်းထားသော ခုခံတော်လှန်ရေး အဖွဲ့များနှင့် တပ်မတော် အကြား ထိတွေ့မှုများ (အပြာရောင်ဖြင့် ပြ) အား တွေ့နိုင်ပါသည်။




မြန်မာနိုင်ငံ မြေပုံ - တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကြား လက်နက်ကိုင် ပဋိပက္ခများ နှင့် အသစ်ဖွဲ့စည်းထားသော လက်နက်ကိုင် ခုခံတော်လှန်ရေး အဖွဲ့များနှင့် တပ်မတော်ကြား ထိတွေ့မှုများ

The Armed Conflict Location & Event Data Project မှ ဒေတာ ရင်းမြစ် ဖြစ်သည်။ အင်တာနက် စာမျက်နှာ acleddata.com တွင် ကြည့်ပါ။

# VI. နိဂုံး

၄၅။ ဤစာတမ်းတွင် အသေးစိတ် ရှင်းလင်းဖော်ပြသကဲ့သို့ပင် လုံခြုံရေး တပ်ဖွဲ့ဝင်များသည် စစ်တပ် အုပ်ချုပ်ရေးအား ဆန့်ကျင်သော ငြိမ်းချမ်းစွာ ဆန္ဒပြသည့် ပုဂ္ဂိုလ်များအား ပစ်မှတ်ထား၍ သေစေလောက်သော အင်အားသုံး ဖြိုခွင်းမှုများအား ပိုတိုး လုပ်ဆောင်နေပါသည်။ တစ်ချိန်တည်းမှာပင် တိုင်းရင်းသား လူမျိုးစုများ အပေါ် ကာလကြာရှည် ဖိနှိပ်နေခဲ့သော နေရာများ၌ လက်နက်ကိုင်တိုက်ပွဲများ အရှိန်အဟုန်ပြင်းပြင်းဖြင့် ပြန်လည် ဖြစ်ပွားလာသလို တပ်မတော်သည် စစ်တပ် အုပ်ချုပ်ရေးအား ဆန့်ကျင်သော လက်နက်ကိုင် ခုခံတော်လှန်မှုများအား တုံ့ပြန်တိုက်ခိုက်ခြင်းနှင့် အတိုက်အခံများအား ဖိနှိပ်နှိမ်နင်းရန် ကြိုးပမ်းမှုများကြောင့် မြန်မာနိုင်ငံ၏ နေရာအနှံ့အပြား၌ အကြမ်းဖက် သတ်ဖြတ်မှု ပုံစံသစ်များ ပိုမို ဖြစ်ပွားလာသည်။ အာဏာသိမ်းပြီးနောက်တွင် တပ်မတော်သည် မြန်မာနိုင်ငံတဝှမ်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ဥပဒေ လိုက်နာထိန်းသိမ်းရန်နှင့် အထူးသဖြင့် လူပုဂ္ဂိုလ်တစ်ဦး၏ အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လုံခြုံမှုရှိခွင့်တို့အား ကာကွယ်စောင့်ရှောက်ရန် လွန်လွန်ကျူးကျူး ဥပက္ခာပြုသည့် အမူအကျင့်များအား ပြသနေဆဲ ဖြစ်ကြောင်း ရှင်းလင်းစွာ တွေ့မြင်နိုင်ပါသည်။